NLTA

NYAN LYNN THIT ANALYTICA

# အစွန်းရောက် အမျိုးသားရေးအထိုင်မှု

## အာဏာထိန်းချုပ်ရေးကြိုးပမ်းမှုများ



# အစွန်းရောက် အမျိုးသားရေးအထိုက်မှ

## အာဏာထိန်းချုပ်ရေး ကြိုးပမ်းမှုများ

NLTA

NYAN LYNN THIT ANALYTICA

Vol.1, No.3, September 2023

# မာတိကာ

အမှာစာ ၃
သုတေသနနည်းလမ်း ၄

၁။ နိဒါန်း ၅
၂။ ကချင်-ရှမ်းနီအကြားလူမျိုးရေး၊ ဘာသာရေးအရသွေးခွဲရန် လုပ်ဆောင်မှု ၇
၃။ ကရင်နီ-ပအိုဝ်း အကြားလူမျိုးရေး၊ ဘာသာရေးအရသွေးခွဲရန် လုပ်ဆောင်မှု ၁၃
၄။ သွေးခွဲမှုနည်းဗျူဟာ ၁၇
၅။ ပြည်သူ့စစ်လှုပ်ရှားမှုနောက်ကွယ် ၁၉
၅.၁ ဘာသာရေးနှင့် ပြည်သူ့စစ် ၂၀
၅.၂ နိုင်ငံရေးပါတီ၊ အမျိုးသားရေးနှင့် ပြည်သူ့စစ် ၂၁
၆။ စစ်အုပ်စု၏ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ ၂၉
၇။ နိဂုံး ၃၃

ရည်ညွှန်းအကိုးအကား ၃၆

# အမှာစာ

မြန်မာနိုင်ငံတွင် လူမျိုးရေး/ဘာသာရေး အခြေပြုသော ပဋိပက္ခများ၊ ဗမာမဟုတ်သော အခြား လူမျိုးစုများအပေါ် ဖိနှိပ်မှုများ သမိုင်းတလျှောက် ဖြစ်ပွားခဲ့ပြီး အကြိမ်ကြိမ်ထပ်မံဖြစ်ပွားခြင်းကို လျှော့ချနိုင်ရန်အတွက် သတိထားစောင့်ကြည့်ချဉ်းကပ်ရန် လိုအပ်သည်။ စစ်အုပ်စုသည် အာဏာ နှင့် ၎င်းတို့၏ အကျိုးစီးပွားများကို ရေရှည်ထိန်းချုပ်နိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးကို ခေတ် အဆက်ဆက် အသုံးချလေ့ရှိသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ လူမျိုး၊ ဘာသာ ကွဲပြားမှုများကို လိုအပ် သလို အသုံးချခြင်းသည် စစ်အုပ်စု၏ နည်းဗျူဟာများအနက် တခုဖြစ်သည်။ "ပြည်ထောင်စုမပြို ကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေး (၃) ပါးနှင့် ဗုဒ္ဓသာသနာတည်တံ့ခိုင်မြဲရေး စသော အကြောင်းအရာများ ကို အခြေတည်ကာ စစ်အုပ်စုမှ အမျိုးသားရေးအစွန်းရောက်အစု၏ ထောက်ခံမှုကို ရယူလျက်ရှိ သည်။ အမျိုးသားရေးအစွန်းရောက်အစုသည် နိုင်ငံရေးပါတီများ၊ ပြည်သူ့စစ်များနှင့် ဝါဒဖြန့်ချိသော မီဒီယာများအဖြစ်ဖြင့် စစ်အုပ်စု၏ အာဏာတည်မြဲရေးကြိုးပမ်းမှုကို တစိတ်တပိုင်းအားဖြင့် အထောက်အကူပြုလျက်ရှိသည်။

နွေဦးတော်လှန်ရေးကာလတွင် လူမျိုးရေး၊ ဘာသာရေးကွဲပြားမှုများမှ ပဋိပက္ခသို့ ဦးတည် စေခြင်းဖြင့် တော်လှန်ရေးအင်အားကို ထိန်းညှိရန် စစ်အုပ်စုက ကြိုးပမ်းသည့် ဖြစ်စဉ်များကို တွေ့ ရသည်။ လူမျိုးစုတော်လှန်ရေးအစုအဖွဲ့များ နွေဦးတော်လှန်ရေးတွင် ပါဝင်မှုမရှိစေရန် စစ်အုပ်စုက အကျိုးစီးပွားမက်လုံးများ၊ တွေ့ဆုံဆွေးနွေးမှုများဖြင့် အစဉ်အမြဲကြိုးပမ်းလျက်ရှိသည်။ လူမျိုးစု တော်လှန်ရေးအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆွေးနွေးရန် နိုင်ငံတကာကြားခံဖြင့် စစ်အုပ်စုမှ တွေ့ဆုံညှိနှိုင်းသည့် ဖြစ်စဉ်များရှိသည်။ ထို့အပြင် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်း များကို အသုံးချကာ လူမျိုးစုတော်လှန်ရေးအဖွဲ့များကို ညှိနှိုင်းစေသည့် ဖြစ်စဉ်များလည်းရှိခဲ့သည်။

ဤအစီရင်ခံစာတွင်

(၁) စစ်အုပ်စုမှ ၎င်းတို့၏ အာဏာနှင့် အကျိုးစီးပွားအတွက် လူမျိုးရေး၊ ဘာသာရေးကို အသုံးချ နေမှုများ

(၂) အကျိုးစီးပွားမက်လုံးများ၊ တွေ့ဆုံဆွေးနွေးမှုများဖြင့် တော်လှန်ရေးအင်အားကို ထိန်းညှိရန် စစ်အုပ်စု၏ ကြိုးပမ်းမှုများ

(၃) စစ်အုပ်စုကိုထောက်ခံသူ၊စစ်တပ်ထောက်ခံပွဲများကိုဦးဆောင်သူ၊စစ်အုပ်စုကျောထောက်နောက်ခံ နိုင်ငံရေးပါတီဝင်၊ လူမျိုးရေး/ဘာသာရေးခွဲခြားသူ၊ ဘာသာသာသနာတက်ကြွလှုပ်ရှားသူ အမျိုးသားရေးအစွန်းရောက်နှင့် စစ်အုပ်စုမှ ဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့ စသည် တို့၏ ဆက်စပ်မှုများ

(၄) စစ်အုပ်စု၏ ရွေးကောက်ပွဲဆိုင်ရာ ကြိုးပမ်းမှုများနှင့် ၎င်းတို့ကိုထောက်ခံသော၊ လူမျိုးကြီး/ ဘာသာကြီးဝါဒအခြေပြု နိုင်ငံရေးပါတီများ

စသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးဖော်ပြသွားမည်ဖြစ်သည်။

# သုတေသနနည်းနာ

လွတ်လပ်သော သတင်းမီဒီယာများ၏ သတင်းဖော်ပြချက်များ၊ အဖွဲ့အစည်းများ၏ တရားဝင် ထုတ်ပြန်ချက်များ၊ စစ်အုပ်စုထောက်ခံသူများ၊ ဝါဒဖြန့်ချိသူများ၏ Facebook လူမှုကွန်ယက်စာမျက်နှာများနှင့် Telegram Channel များမှ အချက်အလက်များကို ကောက်ယူစုဆောင်းပြီး အဆိုပါအချက်အလက်များကို အခြေခံကာ ယခုအစီရင်ခံစာကို သုံးသပ်ရေးသားထားခြင်း ဖြစ်သည်။

# ၁ နိဒါန်း

စစ်အုပ်စုသည် ၎င်းတို့၏ အာဏာနှင့် အကျိုးစီးပွားတည်မြဲရေးအတွက် နိုင်ငံအတွင်းရှိ မတူကွဲပြားသော အစုအဖွဲ့အသီးသီးကြားတွင် လူမျိုးရေး၊ ဘာသာရေးကိုအခြေပြု၍ သွေးခွဲခြင်း၊ အကျိုးစီးပွားမက်လုံးများဖြင့် ဖြိုခွဲခြင်းများကို ခေတ်အဆက်ဆက်ပြုလုပ်ခဲ့သည်။ သမိုင်းတလျှောက်တွင် စစ်အုပ်စုက လူမျိုးစုတော်လှန်ရေးစုအဖွဲ့များနှင့် တဖွဲ့ချင်းညှိနှိုင်း၍ အချို့ကို ကိုယ်ပိုင်ထိန်းချုပ်နယ်မြေများနှင့် အကျိုးစီးပွားများ သတ်မှတ်ပေးကာ စည်းရုံးခဲ့ပြီး အချို့ကို နယ်ခြားစောင့်တပ်များ၊ ပြည်သူ့စစ်များအဖြစ် ပြောင်းလဲဖွဲ့စည်းစေခဲ့သည်။ ၂၀၂၁ ခုနှစ်အတွင်း စစ်အုပ်စုမှ အသစ်ဖွဲ့စည်းထားသော အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (The National Solidarity Peacemaking Negotiation Committee – NSPNC) က လူမျိုးစုတော်လှန်ရေးအဖွဲ့အချို့နှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် မင်းအောင်လှိုင်က လူမျိုးစုတော်လှန်ရေးအဖွဲ့များနှင့် တဖွဲ့ချင်းတွေ့ဆုံညှိနှိုင်းရန်အတွက် ကြိုးပမ်းခဲ့သည်။ သို့သော် လူမျိုးစုတော်လှန်ရေးအဖွဲ့အချို့ကသာ လာရောက်တွေ့ဆုံခဲ့သည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့အချို့ကို နိုင်ငံတကာကြားခံဖြင့် ဆွေးနွေးညှိနှိုင်းရန် စစ်အုပ်စုမှ ကြိုးပမ်းခဲ့သည်။ ထို့အပြင် စစ်အုပ်စုသည် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများကို အသုံးချကာ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအတွက် လူမျိုးစုတော်လှန်ရေးအဖွဲ့များကို ညှိနှိုင်းစေသည့် ဖြစ်စဉ်များလည်းရှိခဲ့သည်။

နွေဦးတော်လှန်ရေးကာလတွင် လူမျိုးစုတော်လှန်ရေးအဖွဲ့များ၊ လူမျိုးစုများအကြား လူမျိုးရေး၊ဘာသာရေးကွဲပြားမှုများကို အသုံးချကာ ပဋိပက္ခများသို့ဦးတည်စေခြင်းဖြင့် တော်လှန်ရေးအင်အားကိုထိန်းညှိရန် စစ်အုပ်စုက ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် ကွဲပြားသော လူမျိုးစုများ၊ ဘာသာမတူသည့် အစုအဖွဲ့များအကြား ပဋိပက္ခများဖြစ်ပွားစေရန် စစ်အုပ်စုကို ထောက်ခံသော မီဒီယာချန်နယ်များ၊ စစ်အုပ်စုထောက်ခံသူများ၏ ကိုယ်ပိုင်လူမှုကွန်ယက်စာမျက်နှာများမှ ရေးသားထုတ်လွှင့်ဝါဒဖြန့်လျက်ရှိသည်။ စစ်အာဏာသိမ်းပြီးနောက် တော်လှန်ရေးနယ်မြေအသစ်ဖြစ်လာသော စစ်ကိုင်းဒေသတွင် တော်လှန်ရေးအဖွဲ့များ အင်အားကြီးထွားလာခြင်းကို ထိန်းညှိရန်အတွက် တော်လှန်ရေးအင်အားစုများကို ပံ့ပိုးကူညီပေးနေသော ကချင်လွတ်လပ်ရေးတပ်မတော် (Kachin Independent Army – KIA) နှင့် ရှမ်းနီလူမျိုးစုများအကြား ကွဲပြားမှုများကို အသုံးချရန် စစ်အုပ်စုမှ ကြိုးပမ်းလာသည်ကို တွေ့ရသည်။ ထို့အတူ အာဏာသိမ်းပြီးနောက် အင်အားကြီးထွားလာသော ကရင်နီတော်လှန်ရေးအင်အားစုများကို ထိန်းချုပ်နိုင်ရန်အတွက် နယ်မြေချင်းထိစပ်နေသော ကရင်နီ–ပအိုဝ်း အကြား လူမျိုးရေး၊ ဘာသာရေးအရ သွေးခွဲရန် ကြိုးပမ်းလာသည်ကိုလည်း တွေ့ရသည်။

ထို့အပြင် စစ်တပ်ထောက်ခံသူများ၊ အမျိုးသားရေးအစွန်းရောက်များမှ ပျူစောထီးနှင့် သွေးသောက်ကဲ့သို့သော အဖွဲ့များ စတင်ဖွဲ့စည်းလာခဲ့ပြီး စစ်အုပ်စုမှ လက်နက်တပ်ဆင်ဖွဲ့စည်းထားသော ပြည်သူ့စစ်များလည်း ပေါ်ပေါက်လာခဲ့သည်။ အဆိုပါအဖွဲ့များသည် "တော်လှန်ရေးတပ်ဖွဲ့ဝင်များ၊ တော်လှန်ရေးကို ပံ့ပိုးကူညီသူများ၊ စစ်အုပ်စု၏ ကျူးလွန်မှုများကို ဖော်ပြသော သတင်းမီဒီယာများနှင့် ၎င်းတို့၏ မိသားစုဝင်များကို အမျိုးဘာသာသာသနာတည်တံ့ရေး၊ တိုင်းပြည်နှင့် လူမျိုးမပျောက်ကွယ်ရေးအတွက် တုံ့ပြန်သတ်ဖြတ်ရန်လိုအပ်သည်" ဟူသော အတွေးအခေါ်အပေါ် အခြေခံကာ ဖွဲ့စည်းတည်ထောင်ထားသည်ကို တွေ့ရသည်။ စစ်အုပ်စုကိုထောက်ခံခြင်း၊လူမျိုးရေးခွဲခြားခြင်း၊ဘာသာရေးအစွန်းရောက်ခြင်း၊စစ်အုပ်စုကျောထောက်နောက်ခံနိုင်ငံရေးပါတီများနှင့် စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်များ၏ ဆက်စပ်မှုများကိုလည်း လူမှုကွန်ယက်တွင် တွေ့ရသည်။

တဘက်တွင် စစ်အုပ်စုသည် အာဏာသိမ်းချိန်မှ စတင်၍ ၎င်းတို့ကျင်းပခွင့်မရှိသော ရွေးကောက်ပွဲတရပ်ကို ကျင်းပနိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စစ်အုပ်စုမှ ခန့်အပ်ထားသော ရွေးကောက်ပွဲကော်မရှင်အသစ်သည် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) နှင့်ပတ်သက်၍ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့သည်။ ရွေးကောက်ပွဲစနစ်ကို စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်မှ ပြောင်းလဲခြင်းမှာ တရားဝင်မှုမရှိပေ။ သို့သော်လည်း PR စနစ်ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် စစ်တပ်ထောက်ခံသောပါတီများအနေဖြင့် လွှတ်တော်တွင် ကိုယ်စားလှယ်နေရာများပိုမိုရရှိကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော စစ်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖြင့် ပူးပေါင်း၍ အာဏာကို ရေရှည်ထိန်းသိမ်းရန်အတွက် စစ်အုပ်စုမှ ရည်ရွယ်ထားသည်ကို တွေ့ရသည်။ တရားဝင်မှုမရှိသော ရွေးကောက်ပွဲတရပ်ကို ကျင်းပနိုင်ရန်အတွက် စစ်အုပ်စုမှ ဦးတည်လုပ်ဆောင်လျက်ရှိရာ စစ်အုပ်စုကိုထောက်ခံသော၊ လူမျိုးကြီး/ဘာသာကြီးဝါဒကို အခြေပြုသော နိုင်ငံရေးပါတီအများအပြားသည် စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်ထံ ပြန်လည်မှတ်ပုံတင်လျက်ရှိသည်ကို တွေ့ရသည်။ သို့သော် နိုင်ငံတဝန်းရှိ နယ်မြေအများစုကို စစ်အုပ်စုမှ အလုံးစုံထိန်းချုပ်နိုင်ခြင်းမရှိသည့်အတွက် လက်ရှိကာလများတွင် ရွေးကောက်ပွဲအလျင်အမြန်ကျင်းပရန် အရှိန်အဟုန်မြှင့်လုပ်ဆောင်နေခြင်းမရှိသည်ကို တွေ့ရသည်။

နွေဦးတော်လှန်ရေးကာလတွင် ကွဲပြားသော လူမျိုးစုများ၊ ဘာသာမတူသည့် အစုအဖွဲ့များအကြား ပဋိပက္ခများကို စစ်အုပ်စုမှ ဖန်တီးလျက်ရှိသည်။ တော်လှန်ရေးအားကောင်းသော စစ်ကိုင်းနှင့် ကချင် ဒေသရှိ ကချင်-ရှမ်းနီ၊ ကရင်နီနှင့် ရှမ်းဒေသရှိ ကရင်နီ-ပအိုဝ်း အကြား လူမျိုးရေး၊ ဘာသာရေး သွေးထိုးမှုများကို စစ်အုပ်စုမှ လုပ်ဆောင်နေသည်ကို တွေ့မြင်နိုင်သည်။ စစ်အုပ်စုက လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများကို အဖွဲ့တခုစီအလိုက် အကျိုးစီးပွားများဖြင့် ညှိနှိုင်းစည်းရုံးခြင်းများ၊ နိုင်ငံတကာကြားခံဖြင့် ဆွေးနွေးညှိနှိုင်းခြင်းများ လုပ်ဆောင်လျက်ရှိသည်။ တွေ့ဆုံညှိနှိုင်းရေးအတွက် သက်ဆိုင်ရာဘာသာရေးအဖွဲ့အစည်းများကိုလည်း အသုံးချခဲ့သည်။ ထို့အပြင် စစ်အုပ်စုကျောထောက်နောက်ခံ ပြည်သူ့စစ်အဖွဲ့များနှင့် နိုင်ငံရေးပါတီများ၊ အမျိုးသားရေးအစွန်းရောက်များ၏ ဆက်နွှယ်မှုများကိုလည်း လူမှုကွန်ယက်စာမျက်နှာများရှိ အချက်အလက်များမှတဆင့် တွေ့မြင်နိုင်သည်။ စစ်အုပ်စုမှ ကျင်းပရန်ကြိုးစားလျက်ရှိသည့် ရွေးကောက်ပွဲအတွက် ပြန်လည်မှတ်ပုံတင်သော နိုင်ငံရေးပါတီများတွင် စစ်အုပ်စုကို ထောက်ခံသော အမျိုးသားရေးအခြေပြုပါတီ အနည်းဆုံး (၂၇) ပါတီ ပါဝင်လျက်ရှိသည်။




## ၂ ကချင်–ရှမ်းနီ အကြား လူမျိုးရေး၊ ဘာသာရေးအရ

# သွေးခွဲရန်လုပ်ဆောင်မှု

ကချင်နှင့် စစ်ကိုင်းအထက်ပိုင်းဒေသတွင် ကချင်လူမျိုးစုနှင့် ရှမ်းနီလူမျိုးစုအကြား သဘောကွဲလွဲမှုများသည် ယခင်ကပင် တည်ရှိခဲ့သည်။ စစ်ကိုင်းနှင့် ကချင်ဒေသတွင် ကချင်လွတ်လပ်ရေးတပ်မတော် (Kachin Independence Army – KIA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏စစ်အာဏာသိမ်းနောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သော ပူးပေါင်းတိုက်ခိုက်မှုများသည် စစ်အုပ်စုကို အကြီးအကျယ်အထိနာစေခဲ့သည်။ ထိုဒေသများတွင် စစ်အုပ်စုက ပြည်သူ့စစ်များ(ပျူစောထီးများ)ကို လက်နက်တပ်ဆင်ပေးကာ တော်လှန်ရေးအင်အားစုကို ပြန်လည်တိုက်ခိုက်ရန် ကြိုးပမ်းခဲ့သည်။ ယခင်ကတည်ရှိခဲ့သော လူမျိုးစုပြဿနာများ၊ ဘာသာရေးကွဲပြားမှုများကို အခြေပြုကာ စစ်အုပ်စုသည် ရှမ်းနီအမျိုးသားများတပ်မတော် (Shani National Army – SNA) ကို ပံ့ပိုး၍ KIA နှင့် ပြည်သူ့ကာကွယ်ရေးတပ်များကို ဖြိုခွဲရန် ကြိုးပမ်းလာခဲ့သည်။

ရှမ်းနီအမျိုးသားများတပ်မတော် (Shani National Army – SNA) ကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ SNA သည် ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် ခန္တီး၊ ဟုမ္မလင်း၊ ဗန်းမောက် ဒေသများကို အခြေပြုကာ တပ်မဟာ ၃ ခု ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် တပ်မဟာ ၁ ခု ထပ်မံတိုးချဲ့ ဖွဲ့စည်းခဲ့သည်။ စစ်အုပ်စုက SNA ကို ပြည်သူ့စစ်အဖြစ် စည်းရုံးရန်ကြိုးပမ်းခဲ့သည်။ သို့သော် SNA သည် စစ်အုပ်စုမှ ၎င်းတို့အား



Shanni Nationalities Army

ရှမ်းနီအမျိုးသားများတပ်မတော်

**ရှမ်းနီအမျိုးသားများတပ်မတော်**

**Shanni Nationalities Army (SNA)**


**(သဘောထားထုတ်ပြန်ချက်)**

စာအမှတ်- ၇/ ၂၀၂၂/ အမသ/ ဘသ/ HR
ရက်စွဲ- ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ၊ ၆.ရက်။

ပြည်ထောင်စုအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိကြပြီး မိမိတို့နှစ်သက်ရာ ဘာသာရေးကို ဂုဏ်ပြုမြတ်နိုးစွာ ရိုသေလေးစားစွာ အလေးအမြတ်ထား ကိုးကွယ်ကြသည်။ လူမျိုးတိုင်း မိမိတို့ ဘာသာ သာသနာ တိုးတက်စည်ပင်ရေးကို လိုလားကြသည်။ ကျွန်ုပ်တို့ရှမ်းနီလူမျိုးများသည် ရှေးယခင်မှစ၍ ဗုဒ္ဓဘာသာကို အလေးအမြတ်ထားကိုးကွယ်လာကြသည်။ ဗုဒ္ဓဘာသာ၏အဆုံးအမနှင့် လောကပါလတရားများ၊ ရဟန်းသံဃာ တို့၏ ကြိုးစားအားထုတ်မှုများ၊ သာသနာပြုခြင်းများကို အသိအမှတ်ပြု တန်ဖိုးထားလေးစားကြသည်။ ထိုအထဲမှ အများအကျိုး၊ မိမိအမျိုးသားအကျိုးကို ပိုမို စွမ်းဆောင်ကြသော ရဟန်းသံဃာတော်အရှင်သူမြတ်များအား ပိုမို အားထား လေးစား အသိမှတ်ပြု ကြသည်။

ဗုဒ္ဓဘာသာစည်ပင်တိုးတက်ရေးနှင့် ရှမ်းနီအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေး၊ ရှမ်းနီစာပေထွန်းကား ပြန့်ပွားရေးတို့အား စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာရှမ်းနီသံဃာတော်များ သမဂ္ဂ (ဗဟို) အလုပ်အမှုဆောင်၊ (ဘဏ္ဍာတော်ထိန်း) နောင်ပတ် ဆရာတော် ဦးဂန္ဓမာ (ရှမ်းနီဦးပဉ္ဇင်း)အား စစ်ကိုင်းတိုင်း၊ ဖန်းမောက်မြို့နယ်၊ နောင်ပတ်ရွာ၌ (၄.၉.၂၀၂၂ )ရက်နေ့တွင်(KIA)လက်နက်ကိုင်နှင့် (PDF)တို့က လက်နက်ဖြင့် ခြိမ်းခြောက်ဖမ်းဆီး ခေါ်ဆောင်သွားပြီး ထိုနေ့တွင်ပင် ရက်စက်စွာသတ်ဖြတ်လိုက်ပါသည်။ အဆိုပါ ဗုဒ္ဓဘာသာ ရဟန်းတော်အား ရက်စက်စွာသတ်ဖြတ်သော လုပ်ရပ်သည် လူမဆန်သော လုံးဝအကြမ်းဖက်လုပ်ရပ် ဖြစ်သည့် အပြင် ရှမ်းနီတစ်မျိုးသားလုံးနှင့် ဗုဒ္ဓဘာသာကြီးတစ်ခုလုံးအား ခြိမ်းခြောက် ရန်ပြုသည့် အန္တရာယ်ဆိုးကြီး တစ်ရပ် ဖြစ်သည်။ ထို့အတူ ရှမ်းနီဒေသအတွင်း ဖယ်ဒရယ်ဒီမိုကရေစီနှင့် တော်လှန်ရေးအား ဟန်ဆောင်အကြောင်းပြကာ လူ့အခွင့်အရေးများအား ပြောင်ပြောင်တင်းတင်း ကျူးလွန် ချိုးဖောက်နေကြသော အဖွဲ့အစည်းများဖြစ်သည်။

1



နိုင်ငံတော်အတွင်း မငြိမ်မသက်ဖြစ်နေသော အခြေအနေများကို ( KIA)လက်နက်ကိုင်နှင့် (PDF)တို့သည် အခွင့်ကောင်းယူကာ ရှမ်းနီအမျိုးသားရေး တက်ကြွစွာဆောင်ရွက်ကြသူများအား အကြောင်းတရားဖြင့် လက်နက်ပြ ဦးချိုးနှိမ်နင်းဖမ်းဆီးနှိပ်စက်ခြင်း၊ မတရားရက်စက်စွာသတ်ဖြတ်ခြင်း၊ ရှမ်းနီ ဒေသတွင်းပြည်သူများအပေါ် လူ့အခွင့်အရေးများ ချိုးဖောက်ခြင်း၊ ပြည်သူလူထုကြားတွင် ထင်ယောင်ထင်မှားဖြစ်စေရန် မီဒီယာအားဖြင့် မသမာသောအကြံအစည်များ လုပ်ကြံဖန်တီး သတင်းလွှင့်ခြင်းအား တစ်နေ့ထက်တစ်နေ့ ပိုမို လုပ်ကိုင်လာကြသည်။

(KIA)လက်နက်ကိုင်အဖွဲ့သည် ယခင် နှစ်ပေါင်းများစွာနှင့် ခေတ်အဆက်ဆက်တွင် လည်းကောင်း၊ ယခုနှစ်များတွင် (PDF)များနှင့်ပူး ပေါင်း၍လည်းကောင်း ၊ ရှမ်းနီစာပေ ယဉ်ကျေးမှု နှင့် အမျိုးသားရေးတက်ကြွစွာ ကြိုးစားကြသူများအား မတရားဖမ်းဆီးခြင်း၊ လူမဆန်စွာနှိပ်စက်သတ်ဖြတ်ခဲ့ခြင်းများကို ကျူးလွန်ခဲ့ကြသည်။ ယခင်လပိုင်းအတွင်း ရှမ်းနီစာပေနှင့် ယဉ်ကျေးမှု နာယကဦးစိုင်းသန်းဖေ၊ ရှမ်းနီစာပေဆရာ စိုင်းရေကျော်တို့အား မတရားဖမ်းဆီး သတ်ဖြတ်မှုတို့အပြင် ယခု ရှမ်းနီအမျိုးသားရေးကို တက်ကြွစွာ ဦးဆောင်သူ ဗုဒ္ဓဘာသာ ရဟန်းတော် ဦးဂန္ဓမာအား အဓမ္မဖမ်းဆီး၍ ရက်စက်စွာသတ်ဖြတ်မှုတို့အား လုံးဝ(လုံးဝ)ပြင်းထန်စွာ ပြစ်တင်ရှုံ့ချသည်။

၎င်းအကျိုးဆက်များအား ပြုလုပ်ဖန်တီးကြသူ (KIA)အဖွဲ့နှင့် (PDF)တို့တွင် လုံးဝတာဝန်ရှိပြီး ရှမ်းနီလူမျိုးများ၏ နှလုံးသည်းပွတ်သမိုင်းတွင် မေ့ဖျောက်မရသော သမိုင်းကြေွးများအဖြစ် မှတ်ယူသည်။ မည်သည့် နည်းဖြင့်မဆို ပြန်လည်လက်တုန့်ပြန်သွားမည်ဖြစ်ကြောင်း သိစေအပ်သည်။

**( ဗဟိုကော်မတီ )**
**ရှမ်းနီအမျိုးသားများတပ်မတော်**
**Shanni Nationalities Army(SNA)**

2

*"ရှမ်းနီသံဃာကို KIA နှင့် PDF တို့မှ သတ်ဖြတ်ပြီး ရှမ်းနီတမျိုးသားလုံးနှင့် ဗုဒ္ဓဘာသာတခုလုံးကို ခြိမ်းခြောက်နေသည်"ဟု SNA မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။*

လူမျိုးစုအဖွဲ့အစည်းတရပ်အဖြစ် တရားဝင် အသိအမှတ်ပြုစေလိုသည်။ SNA သည် ပြည်သူ့စစ် မဟုတ်ဟု SNA ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ငြင်းဆိုထားသည်။ (BNI, 2021) စစ်အာဏာသိမ်းပြီးနောက် စစ်အုပ်စုမှ SNA ကိုငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ဖိတ်ခေါ်တွေ့ဆုံခြင်းမရှိခဲ့ပေ။

အာဏာသိမ်းရန်ကြိုးပမ်းသည့် ၂၀၂၁ ခုနှစ် အစောပိုင်းကာလများတွင် စစ်အုပ်စုနှင့် SNA တို့ကြား ထိတွေ့တိုက်ပွဲအနည်းငယ် ဖြစ်ပွားခဲ့သော်လည်း ပြင်းထန်မှုမရှိခဲ့ပေ။ (DVB, 2021) သို့သော် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ၎င်းတို့ လှုပ်ရှားနယ်မြေအတွင်း စစ်အုပ်စုနှင့်တိုက်ပွဲများဖြစ်ပွားစေရန်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (People's Defence Forces – PDFs) ကို အသုံးချ၍လက်နက်ကိုင်အဖွဲ့တဖွဲ့မှနယ်မြေကျူးကျော်ရေးဆောင်ရွက်မှုကို လက်မခံဟု SNA ၏ ပြောရေး ဆိုခွင့်ရှိသူ စိုင်းအောင်မင်းက KIA ကို ရည်ညွှန်း၍ ပြောဆိုလာသည်ကို တွေ့ရသည်။ (CNI, 2022) ထို့အပြင် ၂၀၂၂ ခုနှစ်၊ ဖွေန်လမှစတင်ကာ SNAသည် စစ်အုပ်စုနှင့် ပူးပေါင်းကာ KIA-PDFs ပူးပေါင်းတပ်များအား တိုက်ခိုက်မှုများ ပြုလုပ်လာသည်ကို တွေ့ရပြီး ယခု ၂၀၂၃ ခုနှစ်၊ မေလ အထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

## စစ်အုပ်စု-SNA ပူးပေါင်းတပ်ဖွဲ့နှင့် KIA-PDF ပူးပေါင်းတပ်ဖွဲ့များကြား တိုက်ပွဲဖြစ်ပွားလေ့ရှိသော ဒေသများ

| | |
|---|---|
| ကချင် | ကာမိုင်းမြို့နယ် |
| ကချင် | ဖားကန့်မြို့နယ် |
| ကချင် | မိုးကောင်းမြို့နယ် |
| စစ်ကိုင်း | ခန္တီးမြို့နယ် |
| စစ်ကိုင်း | တမူးမြို့နယ် |
| စစ်ကိုင်း | ပင်လယ်ဘူးမြို့နယ် |
| စစ်ကိုင်း | ဖန်းမောက်မြို့နယ် |
| စစ်ကိုင်း | ဟုမ္မလင်းမြို့နယ် |

Snow Queen #SQ🇲🇲🇲🇲🇲🇲
Aug 22

ရှမ်းနီ သတင်း

ဗန်းမောက်မြို့နယ် ကြောင်လည်ဆေးရုံမှာ
စခန်းချနေတဲ့ KIA PTFပူးပေါင်းအဖွဲ့တွေက
ရဟန်းသံဃာပြည်သူများကို ဖမ်းဆီးခြင်း
အကြမ်းဖက်ခြင်းကိုအစပြုပါပြီ
ခုလဲ ရှမ်းနီအမျိုးသားဆရာတော်ကို ဖမ်းဆီးသွားပါပြီတဲ့
စိတ်မကောင်းရုံလွဲဘာမှမတတ်နိုင်

*ရဟန်းသံဃာနှင့် ပြည်သူများကို KIA နှင့် PDF တို့မှ ဖမ်းဆီးသည်ဟု စစ်တပ်ထောက်ခံသော တယ်လီဂရမ်ချန်နယ်များမှ ဖြန့်ဝေခဲ့သည်။ KIA နှင့် PDF တို့ကို ဗုဒ္ဓဘာသာကို ရည်ရွယ်တိုက်ခိုက်သူများအဖြစ် ပုံဖော်ခြင်းဖြစ်သည်။*

Kyaw Swar🇲🇲🇲🇲🇲🇲
ရွှေလျှောက် သည်းခံတော့မှာ မဟုတ်ဘူးလို့ KIA ကို SNA သတိပေး

18 August - MaNawMyay(မနောမြေ)

ရှမ်းနီမျိုးနွယ်စုများ နေထိုင်သည့် ဒေသများတွင် ကျူးကျော်တိုက်ပွဲ ဖော်ဆောင်နေသည့် KIA၊PDF ပူးပေါင်းအဖွဲ့ကို ဆက်ပြီး ရန်စ တိုက်ခိုက်လာမည်ဆိုပါက ရှမ်းနီအမျိုးသား တပ်မတော် (SNA) မှ ဆက်ပြီး သည်းခံတော့မည်မဟုတ်ကြောင်းနှင့် နောက်ဆက်တွဲပြဿနာများမှာ KIAမှ တာဝန်ရှိသလို အဆိုပါ ကိစ္စရပ်များကို လက်ခံထားသည့် NUG မှာလည်း တာဝန်ရှိကြောင်း ရှမ်းနီတပ်မတော်(SNA)က သတိပေးပြောဆိုထားသည်။

လက်ရှိ နိုင်ငံရေးကြပ်တည်းကာလတွင် KIAလက်နက်ကိုင် အဖွဲ့အစည်းမှ ဖက်ဒရယ်ကိစ္စနှင့် သွားနေခြင်းမဟုတ်ဘဲ ကချင်ဝန်ပေါင် သမ္မတနိုင်ငံအဖြစ် ထူထောင်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေကြောင်း ပြောဆိုထားသည်။

KIA လက်နက်ကိုင်အဖွဲ့အစည်းအနေဖြင့် PDFများကို အသုံးချပြီး ရှမ်းနီမျိုးနွယ်စုများ နေထိုင်သည့် ဒေသများ တွင် ရည်ရွယ်ချက်ရှိရှိဖြင့် အကာအကွယ်လုပ်ခြင်း၊ သာသနိကအဆောက်အအုံများ အားတိုက်ခိုက်ခြင်း များအပြင် ကျေးရွာများ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

*KIA နှင့် PDF တို့သည် ရှမ်းနီလူမျိုးများကို ဦးတည်တိုက်ခိုက်သူများ၊ ဗုဒ္ဓဘာသာအဆောက်အအုံများကို တိုက်ခိုက်သူများဖြစ်သည်ဟု စစ်တပ်ထောက်ခံသော တယ်လီဂရမ်ချန်နယ်မှ ပုံဖော်ဖြန့်ချိနေသည်။ KIA သည် နိုင်ငံအသစ်ထူထောင်ရန် လုပ်ဆောင်နေသည်ဟုလည်း သတင်းအမှားများဖြန့်ဝေခဲ့သည်။*

Kyaw Swar🇲🇲🇲🇲🇲🇲
Forwarded from USDP News (Kyaw Swar)
ရှမ်းနီတွေကို ကချင်တွေက လိင်ကျွန်လိုသဘောထားပြီး မုဒိမ်းကျင့်သတ်လိုက် ပေါ်တာဆွဲလိုက်လုပ်နေတာ နှစ် ၆၀ ကျော်ပြီ။ ဒီနေ့အထိတော့ ကာကွယ်ပေးသူမရှိ။ အခုတော့ NUG နဲ့ PDF ကပါ KIO နဲ့ ပေါင်းပြီး လူသတ်တာတွေ ဆက်လုပ်နေတော့ ဘယ်သူကမှ အသံမထွက်ကြဘူး။ အခု SNA ထုတ်ပြန်ချက်ဆို သူတို့ကို လူမျိုးတုံးသတ်နေတာ NUG ရဲ့ သဘောတူညီချက်လိုပါ စွပ်စွဲထားတယ်။ ဒါမျိုးတွေကျတော့လည်း ဒီမိုကရေစီလိုချင်တဲ့ တော်လှန်မီဒီယာတွေက နှုတ်သီးပိတ်နေပြန်ရော 😉😉😉😉

*ကချင်များသည် ရှမ်းနီများကို ဖိနှိပ်သူများဖြစ်ပြီး KIO, PDF နှင့် NUG တို့သည် ရှမ်းနီများအပေါ် လူမျိုးတုံးသတ်ဖြတ်နေကြောင်း စသည့် သတင်းအမှားများကို စစ်တပ်ထောက်ခံ တယ်လီဂရမ်ချန်နယ်များတွင် ဖြန့်ဝေလျက်ရှိသည်။*

Snow Queen #SQ🇲🇲🇲🇲🇲🇲
ဗန်းမောက်မြို့နယ်အခြေပြမြေပုံ



Dec 20

ဗန်းမောက်မြို့နယ် နန်းသောင် တောင်ပေါ်မှာ
ဒီဇင်ဘာ 19 ရက်ယမန် နေ့က
ကျူးကျော် နယ်ချဲ့ KIA နှင့်
Kio Kia pdf တွေကတော့ ဗန်းမောက်နယ် ဗုဒ္ဓဘာသာနယ်မြေမှာ မကြားဖူးတဲ့
ခရစ္စမတ်ပွဲ အကြီးအကျယ် လုပ်မယ်လို့သတင်းရပါတယ်

ဗန်းမောက်နယ်ထဲမှာ
kia တွေကတော့ နိုင်ငံရေးနယ်ပယ်နှင့်နယ်မြေပါမက
ဘာသာရေးပါ ချဲ့ထွင်လာနေတာ တွေ့ရပါတယ်။

အကြမ်းဖက်KIA+PDF တွေကို
ချေမှုန်းနယ်မြေရှင်းလင်းပေးနိုင်ဖို့
မြန်မာ့တပ်မတော်နှင့်
SNA ရှမ်းနီအမျိုးသားများတပ်မတော်များကို
ဗန်းမောက်နယ် ရှမ်းနီ
ပြည်သူလူထုနဲ့အများပြည်သူတွေက
တမ်းတနေကြပါတယ်
အကြမ်းဖက်တွေကြီးစိုးလာမှုကြောင့်
ဗန်းမောက်နယ်ထဲက ပြည်သူလူထုများ
လွတ်လပ်မှု နေထိုင်ရေးမှအစ
အဆင်မပြေမှုများဖြစ်နေကြပါတယ်

ပြည်သူတစ်ဦး
#SQ

*KIA သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ပြီး ရှမ်းနီလူမျိုးစု၏ ဗုဒ္ဓဘာသာနယ်မြေတွင် ဘာသာရေးအရ ချဲ့ထွင်လာသည်ဟု ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို အခြေပြု၍ ကချင်နှင့် ရှမ်းနီလူမျိုးများကို သွေးခွဲရန် စစ်တပ်ထောက်ခံ တယ်လီဂရမ်ချန်နယ်မှ ဖြန့်ဝေလျက်ရှိသည်။*

Snow Queen #SQ🇲🇲🇲🇲🇲🇲




Feb 2

https://m.facebook.com/story.php?story_fbid=pfbid02CetHjLrvMUsNdDPf1YZcKS4iMJdestZrao1n3VzD3sFRwcJKYs2jcgQtUPfp8VBYl&id=100075666683938&mibextid=Nif5oz

ဒါသက်သက်အလွန်ယုတ်မာတဲ့လုပ်ရပ်ပဲ စိတ်ပျက်ဖို့ကောင်းတယ်
ကျနော်က ဗန်းမောက်နယ်ပါ အမြဲတမ်းနားစွင့်နေတယ် ရိုးအနေတဲ့ ဘာမှနားမလည်တဲ့ ကိုယ်လယ်ကိုယ်လုပ်ပီးစားနေတဲ့ အေးအေးချမ်းနေနေတဲ့ ကဒူး ကနန်း ရှမ်းနီ ဗမာ တွေကို kiaတွေ မီးလာမွေးသွားတယ် ptfတွေကို သင်တန်းပေး ပိုးဆိုးတွေလာချသွားတယ် ဒါကို ရွာခံနယ်ခံတွေကို အတင်းစည်းရုံး အဓမ္မအနိုင်ကျင့် လက်နက်အားကိုးနဲ့ ရွာတွေကိုခိုင်းစား လုပ်စားနေတာ ရွာခံတွေမှာ သူတိုကိုကြောက်ရတာနဲ့ခိုင်းသမျှလုပ်ပေးနေရတယ် တစ်နေ့နေ့တော့ ဆန္ဒထွက်ပြခိုင်းလိမ့်မယ်ဆိုတာ သိပီးသားပါပဲ ဒါမဲ့လဲ ဘာမှမတတ်နိုင်ဘူးလေ 😭😥

ပြည်သူတစ်ဦး

*ဗန်းမောက်နယ်တွင် KIA မှ ရွာခံနယ်ခံ ရှမ်းနီလူမျိုးများကို လက်နက်နှင့် အနိုင်ကျင့်ကာ ဆန္ဒထွက်ပြခိုင်းကြောင်း သတင်းအမှားများဖြင့် ကချင်နှင့် ရှမ်းနီလူမျိုးများကို သွေးခွဲရန် စစ်တပ်ထောက်ခံသော တယ်လီဂရမ်ချန်နယ်မှ လုပ်ဆောင်လျက်ရှိသည်။*

Snow Queen #SQ🇲🇲🇲🇲🇲🇲
Aug 23

KIA၊ PDF ပူးပေါင်းအဖွဲ့က ကြောင်လည်ရွာအား ညော့စာရင်းစစ်နေ၊ ဒေသခံမှန်ကြောင်း လက်မှတ်လာမထိုးပါ က အသတ်ခံရမည်ဟု ခြိမ်းခြောက်
@@@@@@@@@@@@@@@

ဗန်းမောက်၊ ဩဂုတ် ၂၃

KIA၊ PDF ပူးပေါင်းအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၊ ကြောင်လည်ကျေးရွာတွင် နေ ထိုင်သည့် ရွာသူရွာသားများအား ညော်စာရင်း စစ်မည်ဟုဆိုကာ ကြောင်လည်ရွာအနီးရှိ ၎င်းတို့ အခြေစိုက် တပ်စွဲထားသည့်စခန်းသို့ လက်မှတ်လာထိုးကြရန်နှင့် လာမထိုးပါက အိမ်မီးရှို့မည်၊ သတ်ပစ်မည်ဟု ခြိမ်း ခြောက်သွားသည်ဟု ဒေသခံများထံက သိရသည်။

ကြောင်လည်ရွာအနီး လူအင်အား ငါးရာခန့်ဖြင့် တပ်စွဲ နေထိုင်သည့် KIA၊ PDF ပူးပေါင်းအဖွဲ့သည် ယမန် ညနေပိုင်းက ကြောင်လည်ရွာမှ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှု ဘာသာရပ်သင်ကြားပေးနေသည့် ရှမ်းနီဆရာတော် ဦးသူရိယ ဖမ်းဆီးသွားသည့် အပြင် ယနေ့ ဩဂုတ် ၂၂ ရက် ညနေပိုင်းတွင် ရွာသားအချို့ကိုပါ ဖမ်းခေါ်သွားပြီး ကြောင်လည်ရွာသားမှန်ကြောင်း လက်မှတ်လာထိုးရန် ခြိမ်းခြောက်သွားကြောင်း ဒေသခံများက ဆိုသည်။

"မနေ့က ဘုန်းဘုန်း ဦးသူရိယကို ဖမ်းသွားတယ်၊ ဒီနေ့လည်း အပြစ်မဲ့ ပြည်သူခြောက်ဦး ထပ်ဖမ်းသွားတယ် အသက်မပြည့်သေးတဲ့ ကလေးတစ်ဦး ပါသွားတယ်။ အခု ညနေပိုင်းကလည်း ရွာထဲဝင်ပြီး ကြောင်လည်ရွာသား အားလုံး ဒီရွာမှာ နေထိုင်ကြောင်း ထောက်ခံချက်သဘောနဲ့ သူတိုဆီကို ညနေ ၆ နာရီ အချိန်ကနေ ၉ နာရီ အတွင်း သွားထိုးရမယ် မလာထိုးတဲ့သူတွေကို သတ်ပြစ်မယ် အိမ်မီးရှို့ပစ်မယ်လို ကြိမ်းဝါးပြောဆို ခြိမ်းခြောက် သွားတယ်" ဟု ၎င်းကပြောသည်။

KIA၊ PDF ပူးပေါင်းအဖွဲ့မှ ကြောင်လည်ရွာသည် ရှမ်းနီအမျိုးသားတပ်မတော် (SNA) ထောက်ခံသည့် ရွာဟု ဆိုကာ အငြိုးတကြီးဖြင့် ရွာသူ ရွာသားများ စစ်ဆေးစစ်ဒဏ် သင့် ရွာလုံးကျွတ် ပျက်သုဉ်းရေးကို ဦးတည် လုပ်ဆောင်နေကြောင်း၊ ဖားကန့်မြို့နယ်က ဆယ်စင်းရွာလို ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရန်တာဝန်ရှိသူများ အနေဖြင့် အမြန်ဆုံးကယ်တင်ပေးစေလိုကြောင်း ဒေသခံများက ထည့်သွင်း ပြောဆိုသည်။

ကြောင်လည်ကျေးရွာသည် ဗန်းမောက်မြို့နယ် မံလူကျေးရွာအုပ်စုအတွင်း တည်ရှိကာ ကျေးရွာတစ်ရွာဖြစ်ပြီး ဗန်းမောက်မြို့နှင့် မိုင် ၂၀ ခန့်သာဝေးသည့် အိမ်ခြေ ၄၀၀ ခန့် ၊ လူဦးရေ ၁၅၀၀ ဝန်းကျင် နေထိုင်သည့် ရှမ်းနီ ရွာကလေး ဖြစ်သည်။

ပိုင်ကြီး
#ရှမ်းနီ
#SQ

*ရှမ်းနီရွာကို KIA နှင့် PDF များက လူမျိုးရေးအရ ဦးတည် ခြိမ်းခြောက်နေသည်ဟု စစ်တပ်ထောက်ခံ တယ်လီဂရမ်ချန်နယ်မှ ပုံဖော်ဖြန့်ဝေခဲ့သည်။*

KIAနှင့် PDFတို့သည်ရှမ်းနီဘုန်းကြီးအပါအဝင် ရှမ်းနီစာပေ၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးတက်ကြွသူများကို ဖမ်းဆီးသတ်ဖြတ်သူများဖြစ်ပြီး လက်တုံ့ပြန်မည်ဟု ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် SNA မှ ထုတ်ပြန်ခဲ့သည်။ ထို့အပြင် စစ်တပ်ထောက်ခံသော သတင်းမီဒီယာများနှင့် လူပုဂ္ဂိုလ်တဦးချင်းစီမှလည်း ကချင်နှင့် ရှမ်းနီလူမျိုးစုအကြား လူမျိုးရေးပြဿနာ၊ ဘာသာရေးကွဲပြားမှုကိုဦးတည်ရေးသားကာFacebook နှင့် Telegram တို့တွင် ဝါဒဖြန့်ချိလျက်ရှိသည်။ KIA နှင့် PDF များ ပူးပေါင်းကာ ရှမ်းနီဒေသကို လူမျိုးရေးအရ ဦးတည်တိုက်ခိုက်နေပြီး သံဃာကို သတ်ဖြတ်ခြင်း၊ ဘာသာရေးအဆောက်အအုံများကိုတိုက်ခိုက်ခြင်းများ ပြုလုပ်နေသည်ဟု ဖြန့်ဝေလျက်ရှိသည်။ KIA မှ ရှမ်းနီလူမျိုးများကို အခွန်ကောက်ခံခြင်း၊ ပြန်ပေးဆွဲဖမ်းဆီးကာ ငွေဖြင့်ပြန်လည်ရွေးခိုင်းခြင်း၊ အဓမ္မပြုကျင့်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ဟုလည်း ဝါဒဖြန့်ချိလျက်ရှိသည်။ ထို့အပြင် ဗုဒ္ဓဘာသာထွန်းကားသော ရှမ်းနီဒေသတွင် ခရစ်ယာန်ဘာသာချဲ့ထွင်ရန် ကြိုးပမ်းလာသည်ဟုလည်း ရေးသားဖြန့်ဝေလျက်ရှိသည်။




ရှမ်းနီလူမျိုးများကို Genocide ကျူးလွန်ရန် KIA အရာရှိက လက်အောက်ငယ်သားများကို အမိန့်ပေးသည့်အချက်အလက် ဖမ်းယူရရှိဟု SNA ဆို

စက်တင်ဘာလ ၂၂၊ ဗန်းမောက်

ရှမ်းနီလူမျိုးများကို Genocide ကျူးလွန်ရန် KIA အရာရှိက လက်အောက်ငယ်သားများကို အမိန့်ပေးသည့်အချက်အလက် ဖမ်းယူရရှိခဲ့ ကြောင်း ရှမ်းနီအမျိုးသားများတပ်မတော် SNA က ထုတ်ပြန်လိုက်သည် ။

စက်တင်ဘာလ ၂၁ ရက် နေ့တွင် ရှေ့တန်း စစ်မျက်နှာ၌ KIA အထက်အရာရှိက ကချင်ဘာသာဖြင့် ညွှန်ကြား စေခိုင်းသော အမိန့်ပေးစကားများတွင် ( "ရှမ်းနီလူမျိုး ကလေး၊လူကြီးပါမကျန်၊ ဘာသာရေးသာသနာရေးမပါမကျန် အကုန်ရှင်းပစ်ရန် ") ဟူသော အမိန့်ပေးသည့် အချက်အလက်များကို ဖမ်းယူရရှိခဲ့ကြောင်း ဖော်ပြပါရှိသည် ။

ထို့ပြင် KIO/KIA စတင်ဖွဲ့စည်းခဲ့သည့်မှစ၍ နှစ်ပေါင်း ၆၀ အတွင်း Genocide မြောက်သည့် ဖြစ်စဉ်ဖြစ်ရပ်များစွာရှိခဲ့ကြောင်းလည်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆက်လက်ဖတ်ရှုရန်...



Kyaw Swar
ပြည်သူလူထု ပေးပို့ချက်

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ
မိုင်းနောင်ကျေးရွာမှာ kiaလက်အောက်ခံ kpdfများ မိုင်းနောင်ရွာ လမ်းမကြီးပေါ်တွင် သွားလာနေကြတယ်။

ဈေးဆိုင်များတွင် စစ်တပ်ထုတ်ကုန် ဘီယာများဆိုပြီး လိုက်လံဖျက်စီးနေပါတယ်။

ကျေးရွာသူကျေးရွာသားများ
ရွာပျက်မှာကို စိုးရိမ်နေကြပါတယ်။

မိုင်းနောင်ကျေးရွာက ရွှေထွက်တော့ ဘတ်ဟိုးအစီး တစ်ရာလောက်နဲ့ လုပ်နေတော့ ဆက်ကြေးလည်းရ ဝင်ငွေလည်းကောင်းတော့
Kiaရင်း26ကလည်းရွာနဲ့ဇိမိုင်လောက်အကွာမှာ တထိုင်ထားပါတယ် pdfတွေနဲ့ပေါင်းနေတယ်။

ဒေသခံ ရှမ်းနီ တိုင်းရင်းသားတွေ က
ဆပ်ကြေးပေးနေရတယ်။

မထင်ရင်ါ မထင်သလို သတ်ဖြတ် အလောင်း
ဖျောက်တာတွေကိုလည်း လုပ်ကြပါတယ်။

ယခင်တုံးက ကျေးရွာပြည်သူ့စစ်တွေ အားကောင်း
တော့ Kia မလာရဲဘူး။

အခု ကတော့ ပဒက်နဲ့ပေါင်းပြီး ဒေသခံပြည်သူ
လူထုကို နှိပ်စက်နေကြတာပါ။

https://t.me/kyawswar96999

Telegram
Kyaw Swar
မဂၤလာပါ Ks

VIEW CHANNEL

*KIA နှင့် PDF များက ရှမ်းနီလူမျိုးစုများအပေါ် ဆက်ကြေးတောင်းခြင်း၊ သတ်ဖြတ်အလောင်းဖျောက်ခြင်းများ လုပ်ဆောင်နေသည်ဟု စစ်တပ်ထောက်ခံ တယ်လီဂရမ်ချန်နယ်မှ ဝါဒဖြန့်ချိပုံဖော်ခဲ့သည်။*




ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ (SSP) ပါတီဝင်တစ်ဦး သတ်ဖြတ်ခံရ

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်က နမ္မားမြို့မှာ ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ (SSP) ပါတီဝင်ဖြစ်တဲ့ ဦးတင်ညွှန့် ဒီကနေ့ မနက်ပိုင်းက သတ်ဖြတ်ခံလိုက်ရပါတယ်။

သူဟာ ၂၀၂၀ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးတဲ့ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ပြီး ဒီကနေ့ မနက်ပိုင်းမှာ လက်ဖက်ရည်ဆိုင် ထိုင်နေချိန်မှာ လက်နက်ကိုင်ဆောင်ထားတဲ့ KIA/PDF အဖွဲ့တွေရောက်လာပြီး သေနတ်နဲ့ ပစ်သတ်ခဲ့တာလို သိရပါတယ်။

အသက် ၆၅ နှစ်အရွယ် ဦးတင်ညွှန့်ဟာ ရှမ်းလူမျိုးတစ်ဦးဖြစ်ပြီး ရွေးကောက်ပွဲအတွက် လူဦးရေစာရင်း ကောက်ယူတဲ့နေရာမှာလည်း ကူညီနေသူလည်းဖြစ်ပါတယ်။

*ရှမ်းနီ(တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီဝင်တဦးကို KIAနှင့် PDF များက သတ်ဖြတ်ခဲ့သည်ဟု စစ်တပ် ထောက်ခံတယ်လီဂရမ်ချန်နယ်မှ ဖြန့်ဝေခဲ့သည်။*




# ၃ ကရင်နီ–ပအိုဝ်း အကြား လူမျိုးရေး၊ ဘာသာရေးအရ သွေးခွဲရန်လုပ်ဆောင်မှု

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ကရင်နီဒေသတွင် စစ်အုပ်စုနှင့် ကရင်နီလူမျိုးစုတော်လှန်ရေးအဖွဲ့များကြား တိုက်ပွဲအမြောက်အများ ဖြစ်ပွားခဲ့ပြီး စစ်အုပ်စုမှအရေးနိမ့်ကာ အပြင်းအထန်ခုခံတိုက်ခိုက်နေရသည်။ ၂၀၂၁ ခုနှစ်၊ ဇွန် ၁၀ ရက်တွင် ကရင်နီတော်လှန်ရေးအဖွဲ့ ၃ ဖွဲ့မှ ကိုယ်စားလှယ်များ၊ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ ရှမ်း၊ တောင်ကြီးမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များ၏ စီစဉ်မှုကို လက်ခံပြီး ထိုးစစ်များကိုယာယီရပ်ဆိုင်းမည်ဟုကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (Karen Nationalities Defense Force–KNDF) မှ ဇွန် ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ (KNDF, 2021) သို့သော် ဇူလိုင်လဆန်းပိုင်းတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည်။ *(Myanmar Now, 2021c) (Myanmar Now, 2021d)*

မင်းအောင်လှိုင်သည် စစ်အာဏာသိမ်းကာလ ၂ နှစ်အတွင်း လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် တဖွဲ့ချင်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း ကရင်နီတော်လှန်ရေးအဖွဲ့အစည်းများသည် စစ်အုပ်စုနှင့် သွားရောက်ဆွေးနွေးခဲ့ခြင်းမရှိပါ။ စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်ထံ ပြန်လည်မှတ်ပုံတင်သော နိုင်ငံရေးပါတီများတွင် ကရင်နီလူမျိုးစုနိုင်ငံရေးပါတီများ ပါဝင်ခြင်းမရှိပေ။ လက်ရှိအခြေအနေအရ ကရင်နီဒေသတွင် စစ်အုပ်စုမှ ရွေးကောက်ပွဲကျင်းပနိုင်ရန် ဖြစ်နိုင်ခြေမရှိပါ။ ထို့ကြောင့် စစ်အုပ်စုသည်




*နန်းနိမ့်ကျေးရွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်စဉ်အစတွင် စစ်အုပ်စုဝါဒဖြန့် တယ်လီဂရမ်ချန်နယ်များမှ ကရင်နီကာကွယ်ရေး တပ်ဖွဲ့များကို စစ်အုပ်စုမှ သတ်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ပုံများကို သေနတ်ပုံအတုများဖြင့် ပြုပြင်ကာ ဖြန့်ချိခဲ့သည်။*

ကရင်နီလူမျိုးစုတော်လှန်ရေးအင်အားစုများကို စစ်အရေးအရ အပြင်းအထန်ဖိအားပေးရန် ကြိုးပမ်းလျက်ရှိသည်။ ထို့အပြင် နယ်မြေချင်းထိစပ်နေသည့် ပအိုဝ်းလူမျိုးစုများနှင့် ကရင်နီလူမျိုးစုများ အကြားတွင်




လူမျိုးရေး၊ ဘာသာရေးသွေးခွဲမှုများ ဖန်တီးရန် ကြိုးပမ်းလာသည်ကိုလည်း တွေ့ရသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (Pa–O National Organization – PNO) သည် ၁၉၉၁ ခုနှစ်တွင် စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရယူခဲ့ပြီး နောက်စီးပွားရေးလုပ်ပိုင်ခွင့်များနှင့်ရှမ်းအနောက်တောင်ဘက်ရှိ နယ်မြေအချို့ကို ရှမ်းအထူးဒေသ ၆ အဖြစ် အုပ်ချုပ်ခွင့်ရရှိခဲ့သည်။ ပအိုဝ်းအမျိုးသားတပ်မတော် (Pao National Army – PNA) သည် ပြည်သူ့စစ်အဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် PNO သည် စစ်အုပ်စု၏ရွေးကောက်ပွဲကော်မရှင်ထံတွင် နိုင်ငံရေးပါတီအဖြစ် ပြန်လည်မှတ်ပုံတင်ခဲ့သည်။


၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (Pa–O National Organization) ၏ ခေါင်းဆောင် ဦးအောင်ခမ်းထီးထံ မင်းအောင်လှိုင်က သွားရောက်တွေ့ဆုံခဲ့သည်။ မတ်လ ၇ ရက်၊ ညနေပိုင်းတွင် ရှမ်း–ကရင်နီ နယ်စပ်လုံခြုံရေးအတွက် PNA တွင် ပအိုဝ်းလူငယ်များ ပါဝင်ပေးရန်နှင့် စစ်မှုမထမ်းသူများသည် မျိုးချစ်စိတ်ဓာတ်မရှိသူများ ဖြစ်သည်ဟု





*နောက်ပိုင်းတွင် စစ်အုပ်စုဝါဒဖြန့် တယ်လီဂရမ်ချန်နယ်များမှ နန်းနိမ့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှာ ပအိုဝ်းလူမျိုးများကို ကရင်နီကာကွယ်ရေးတပ်များမှ သတ်ဖြတ်ခြင်းဖြစ်ကြောင်း ပြောင်းလဲဝါဒဖြန့်ခဲ့သည်။*

PNO/PNA က ပအိုဝ်းဘာသာဖြင့် ထုတ်ပြန်ခဲ့သည်။ ***(Mekong News, 2023) (Sai Harn Lin, 2023)*** PNO/PNA သည် ရွေးကောက်ပွဲကိစ္စအပါအဝင် စစ်သင်တန်းတက်ရန်နှင့် စစ်မှုထမ်းရန်အတွက် သန်းခေါင်စာရင်းများ လိုက်လံကောက်ခံခဲ့သည်။ ***(နိုင်မင်းလွင်, 2023)*** PNO/PNA သည် ဒေသကာကွယ်ရေးစရိတ်အဖြစ် ပင်လောင်းတောင်ဘက်နှင့် မြောက်ဘက်ကျေးရွာအချို့ကို တအိမ်လျှင် ကျပ် ၇၅,၀၀၀ မှ ၁,၀၀၀၀၀ နှုန်းဖြင့် မတ်လ ၇ ရက်မှ စတင်၍ လိုက်လံကောက်ခံခဲ့သည်။ ***(Ayeyarwaddy Times, 2023)***

၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ရှမ်း၊ ပင်လောင်းမြို့နယ်၊ နန်းနိမ့်ရွာတွင် ဘုန်းကြီး ၃ ပါးနှင့် အရပ်သား ၂၁ ဦးကို စစ်အုပ်စုက အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ အစောပိုင်းတွင် စစ်တပ်ထောက်ခံသော တယ်လီဂရမ်ချန်နယ်များမှ သေဆုံးသူများကို သေနတ်များနှင့်အတူတွဲလျက် ပြပြင်ထားသော ဓာတ်ပုံများတင်ခဲ့ပြီး ကရင်နီ PDF များကို စစ်အုပ်စုမှ သတ်ဖြတ်နိုင်ခဲ့ကြောင်း ရေးသားခဲ့သည်။ ***(RFA, 2023)*** နောက်ပိုင်းတွင် အဆိုပါ ဖြစ်ရပ်သည် ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် ပအိုဝ်းလူမျိုးစုများကို ကရင်နီ PDF များနှင့် KNDF မှ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု စစ်တပ်





*နန်းနိမ့်ရွာအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမှာ ခရစ်ယာန်ဘာသာဝင် တော်လှန်ရေးအင်အားစုက ဗုဒ္ဓဘာသာဘုန်းကြီးများကို သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု စစ်အုပ်စုထောက်ခံသော တယ်လီဂရမ်ချန်နယ်များမှ ဘာသာရေးကိုအခြေပြုသွေးခွဲရန် လုပ်ဆောင်ခဲ့သည်။*




ထောက်ခံသော မီဒီယာများနှင့် ပုဂ္ဂိုလ်တဦးချင်းစီမှ ဆက်တိုက်ရေးသားထုတ်လွှင့်လာခဲ့သည်။ "လူငယ် စကားဝိုင်း"၊ "ပြည်သူ့ကြားက ပြည်သူ့စကား"၊ "သတင်း သမားပြောတဲ့ သတင်းစကား" စသော လူမှုကွန် စာမျက်နှာများတွင် ထုတ်လွှင့်လေ့ရှိသည့် စစ်အုပ်စု၏ ဝါဒဖြန့်စကားဝိုင်းဆွေးနွေးပွဲများ၌ နန်းနိမ့်ရွာတွင် ကျူးလွန်ခဲ့သော စစ်အုပ်စု၏ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ဖုံးကွယ်ရန်၊ ပအိုဝ်းနှင့် ကရင်နီမျိုးစုများ ကြား လူမျိုးရေးသွေးခွဲမှုများကို ဖန်တီးရန် ကြိုးပမ်း လျက်ရှိသည်ကို တွေ့ရသည်။ မတ်လ ၁၅ ရက်တွင် PDF နှင့် KNDF တို့ကို ဆန့်ကျင်ကြောင်းဆန္ဒပြပွဲကို တောင်ကြီးမြို့တွင် PNO/PNA မှ ဦးဆောင်ပြုလုပ်လာ ခဲ့ပြီး ဆန္ဒပြပွဲကို ပအိုဝ်းလူမျိုးများ တအိမ်တယောက် မဖြစ်မနေတက်ရောက်ရန် ဖိအားပေးခံခဲ့ရသည်။ ***(Kantarawaddy Times, 2023) (Shan News, 2023)***

အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) နှင့် ကရင်နီတော်လှန်ရေး အင်အားစုသည် ပအိုဝ်းလူမျိုးအချင်းချင်းအကြား၊ PNO နှင့်စစ်တပ်အကြားသွေးကွဲစေရန် လုပ်ဆောင်နေသူများ အဖြစ် စစ်လော်ဘီမီဒီယာများနှင့် စစ်တပ်ထောက်ခံ သောလူပုဂ္ဂိုလ်တဦးချင်းမှ Facebook နှင့် Telegram တို့တွင် ဝါဒဖြန့်ပြောဆိုလျက်ရှိသည်။ ထို့အပြင် ကုလသမဂ္ဂနှင့် အာဆီယံ အစည်းအဝေးများတွင် စစ် အုပ်စုအပေါ်အသာစီးရယူရန်အတွက် တော်လှန်ရေး အင်အားစုများက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ကိုယ်တိုင်လုပ်ဆောင်ကာ လုပ်ကြံသတင်းအမှားဖြန့်




*စစ်အုပ်စု၏ မိတ်ဖက် ပအိုဝ်ပြည်သူ့စစ် PNO က နန်းနိမ့်ကျေးရွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ကျူးလွန်သူများမှာ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟု စွပ်စွဲထားပြီး စစ်အုပ်စုထောက်ခံ သော တယ်လီဂရမ်ချန်နယ်များက ပြန်လည်ဖြန့်ဝေခဲ့သည်။*

ဝေနေသည်ဟု ဝါဒဖြန့်ထုတ်လွှင့်လျက်ရှိသည်။ စစ် အုပ်စု၏နန်းနိမ့်ကျေးရွာအစုလိုက်အပြုံလိုက်သတ်ဖြတ် ကျူးလွန်မှုကို ဖော်ပြသော သတင်းမီဒီယာများကို သတင်းအမှားဖြန့်ဝေသော အနောက်နိုင်ငံများ၏ လက်အောက်ခံ မီဒီယာများအဖြစ် စစ်တပ်ထောက်ခံ သူများက စွပ်စွဲပြောဆိုကြသည်။ ပအိုဝ်းလူမျိုးများ သည် ဗုဒ္ဓဘာသာဝင်များဖြစ်သဖြင့် ယဉ်ကျေးကာ က ယန်းလူမျိုးစုများက ရိုင်းစိုင်းကြောင်း သွေးခွဲပြောဆို ခြင်းများလည်း ပြုလုပ်လျက်ရှိသည်။ ချင်း၊ မကွေးနှင့် စစ်ကိုင်းဒေသတို့တွင် ဘုန်းကြီးများနှင့် ဆရာ၊ ဆရာမ များကိုတော်လှန်ရေးအင်အားစုများက သတ်ဖြတ်ခဲ့ပြီး နန်းနိမ့်ကျေးရွာ ဖြစ်စဉ်တွင်လည်း ဘုန်းကြီးများကို သတ်ဖြတ်သူများမှာ တော်လှန်ရေးအင်အားစုသာ ဖြစ်ကြောင်း စစ်တပ်ထောက်ခံသော မီဒီယာများက ပုံ ဖော်ပြောဆိုလျက် ရှိသည်။

## ၄ သွေးခွဲမှု နည်းဗျူဟာ

စစ်အုပ်စုသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို နိုင်ငံရေးကစားကွက်တခုအဖြစ် ခေတ်အဆက်ဆက် အသုံးချခဲ့သည်။ စစ်အုပ်စုက လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် တဖွဲ့ချင်းသီးသန့်တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ကာ တော်လှန်ရေးအင်အားစုများကို ဖြိုခွဲရန် ကြိုးပမ်းခဲ့သည့် သာဓကများလည်း ရှိခဲ့သည်။ ထို့အပြင် စစ်အုပ်စုသည် ၎င်းတို့ ချေမှုန်းလိုသော သို့မဟုတ် အသာစီးရမည်ဟု ယူဆသော အဖွဲ့အစည်းများကိုတွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခြင်းမပြုခဲ့သည့် သာဓကများရှိသည်။ ရက္ခိုင့်တပ်တော် (Arakan Army – AA) ကို အကြမ်းဖက်အဖွဲ့အဖြစ် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့က ၂၀၂၀ ခုနှစ်၊ မတ်လ ၂၃ ရက်တွင် ကြေညာခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ဖိတ်ခေါ်ခြင်းမပြုခဲ့ပေ။ ***(MLIS, 2020)*** AA ကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားခြင်းမှ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် စစ်အုပ်စုက ပြန်လည်ရုပ်သိမ်းခဲ့ပြီး နောက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးရေးအတွက် AA ကို ဖိတ်ခေါ်ခဲ့သည်။ ***(Myanmar Now, 2021)***

၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် စစ်အုပ်စုက အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (People's Defence Force – PDF) များကို အကြမ်းဖက်များအဖြစ် သတ်မှတ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် ဖိတ်ခေါ်ခြင်းမရှိပေ။ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ (Ethnic Revolutionary Organizations – EROs) များကို နွေဦးတော်လှန်ရေးတွင် ပူးပေါင်းပါဝင်မှုမရှိစေရန်အတွက် ကမ်းလှမ်းမှုများ၊ ညှိနှိုင်းဆွေးနွေးမှုများဖြင့် သဘောတူညီမှုများ ရယူနိုင်ရန် ကြိုးပမ်းနေသည်ကိုတွေ့ရသည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် ၎င်းတို့အကြား တိုက်ပွဲများ ပြင်းထန်မလာစေရန်၊ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ ပူးပေါင်း၍ နိုင်ငံတဝန်းတွင် တိုက်ပွဲများ ပိုမိုကျယ်ပြန့်မလာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ တဘက်တွင် စစ်အုပ်စုသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ချေမှုန်းနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး လက်နက်ကိုင်တော်လှန်ရေးအားကောင်းသောဒေသများကို လေကြောင်းအပါအဝင် သာလွန်အင်အားအသုံးပြုကာ တိုက်ခိုက်လျက်ရှိသည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားရာတွင် စစ်အုပ်စုသည် ၎င်းတို့နှင့်နီးစပ်သောအဖွဲ့ဘက်မှ လေကြောင်းပစ်ကူပေးခဲ့သည့် ဖြစ်စဉ်များလည်း ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) တို့ တိုက်ပွဲဖြစ်ပွားရာတွင် စစ်အုပ်စုက RCSS ဘက်မှ လေကြောင်းပစ်ကူပေးခဲ့သည်။ ***(Shwe Phee Myay, 2022) (People's Spring, 2022)*** ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်တွင် စစ်အုပ်စု၏ NSPNC နှင့်

RCSS ခေါင်းဆောင်တို့ နေပြည်တော်၌ တွေ့ဆုံနေစဉ် စစ်ကောင်စီတပ်က YAK-130 အမျိုးအစား ဂျက်တိုက်လေယာဉ်ဖြင့် SSPP ဌာနချုပ်အပေါ် အနိမ့်ရှုပ်ပျံသန်းခဲ့သည့် ဖြစ်စဉ်လည်းရှိခဲ့သည်။ ***(Delta News, 2023)***

ထို့အပြင် စစ်အုပ်စုသည် ဒေသဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများကိုအသုံးချကာ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအတွက် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများကိုညှိနှိုင်းစေသည့်ဖြစ်စဉ်များလည်းရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ကရင်နီတော်လှန်ရေးအဖွဲ့ ၃ ဖွဲ့မှ ကိုယ်စားလှယ်များ၊ ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ ရှမ်း၊ တောင်ကြီးမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များ၏ စီစဉ်မှုကို လက်ခံပြီး ထိုးစစ်များကို ယာယီရပ်ဆိုင်းမည်ဟု Karen Nationalities Defense Force-KNDF မှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ***(KNDF, 2021)*** သို့သော် ဇူလိုင်လဆန်းပိုင်းတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ ***(Myanmar Now, 2021c) (Myanmar Now, 2021d)*** ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်တွင် စစ်အုပ်စု၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (The National Solidarity Peacemaking Negotiation Committee - NSPNC) သည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (Kachin Baptist Convention - KBC)၊ ကချင်ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (Peace-talk Creation Group - PCG) အပါအဝင် ခရစ်ယာန်အသင်းတော် ၅ ခုမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပြီး ကချင်လွတ်လပ်ရေးတပ်မတော် (Kachin Independence Army - KIA) ကို အပစ်အခတ်ရပ်စဲရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် တိုက်တွန်းခဲ့သည်။ ***(RFA, 2021b)***

စစ်အုပ်စုအနေဖြင့် ဖမ်းဆီးထားသော လူမျိုးစုတော်လှန်ရေးအဖွဲ့ဝင်များကိုပြန်လွှတ်ပေးခြင်း၊ လူမျိုးစုတော်လှန်ရေးခေါင်းဆောင်များကို ဘွဲ့တံဆိပ်များပေးခြင်းဖြင့် တွေ့ဆုံညှိနှိုင်းမှုများ အကောင်အထည်ပေါ်လာစေရန် ကြိုးပမ်းခဲ့သည်ကိုလည်း တွေ့ရသည်။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်ရေးရပ်စဲမှုသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA)တွင် လက်မှတ်ထိုးထားသော လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ - ကရင်အမျိုးသားအစည်းအရုံး (Karen National Union - KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးဆေးဖိုး၊ RCSS မှ ဗိုလ်ချုပ်ကြီးယွက်ဆစ်၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (Pa-Oh National Liberation Organization - PNLO) မှ ခွန်ဥက္ကာ၊ မွန်ပြည်သစ်ပါတီ (New Mon State Party - NMSP) မှ နိုင်ရွှေကျင်နှင့်နိုင်ထောမွန်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(Arakan Liberation Party - ALP)မှ ခိုင်စိုးနိုင်အောင် တို့ကို "ဝဏ္ဏကျော်ထင်" ဘွဲ့များ ပေးအပ်ခဲ့သည်။ ***(BBC News မြန်မာ, 2022)***

စစ်အုပ်စုမှ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် စုပေါင်းတွေ့ဆုံခြင်းရှိသကဲ့သို့ NCA တွင် လက်မှတ်ရေးထိုးထားသောအဖွဲ့များနှင့်သီးသန့်တွေ့ဆုံခြင်း၊ NCA တွင် လက်မှတ်ရေးထိုးမထားသော အဖွဲ့များနှင့် သီးသန့်တွေ့ဆုံခြင်း၊ တဖွဲ့ချင်းစီနှင့် သီးသန့်တွေ့ဆုံခြင်းများလည်း လုပ်ဆောင်ခဲ့သည်။ ထို့အပြင် လူမျိုးစုတော်လှန်ရေးအဖွဲ့အချို့ကို နိုင်ငံတကာကြားခံဖြင့် ဆွေးနွေးညှိနှိုင်းရန်လည်း စစ်အုပ်စုမှ ကြိုးပမ်းခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နှင့် ၂ ရက်တို့တွင် မြောက်ပိုင်းမဟာမိတ် (၃) ဖွဲ့ - မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (Myanmar National Democratic Alliance Army - MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (Ta'ang National Liberation Army - TNLA)၊ ရက္ခိုင့်တပ်တော် (Arakan Army - AA) နှင့် စစ်အုပ်စုတို့ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် နိုင်ငံခြားရေးရာအထူးသံတမန် မစ္စတာကောပေါင် တက်ရောက်ခဲ့သည်။ ***(အောင်သိခ်, 2023)*** စစ်အုပ်စု၏ တွေ့ဆုံညှိနှိုင်းရေးကြိုးပမ်းမှုများသည် စစ်မှန်သည့် ငြိမ်းချမ်းရေးကို မျှော်မှန်းခြင်းမဟုတ်ဘဲ တော်လှန်ရေးအင်အားစုများ ပူးပေါင်းခြင်းကိုအတိုင်းအတာတခုထိ ဟန့်တားနိုင်ရန် အတွက် လုပ်ဆောင်မှုသက်သက်သာဖြစ်သည်။



# ၅ ပြည်သူ့စစ်လှုပ်ရှားမှုနောက်ကွယ်

စစ်အာဏာသိမ်းပြီးနောက် လူမျိုးရေး၊ ဘာသာရေး အတွေးအခေါ်အပေါ် အခြေခံသည့် ပျူစောထီးနှင့် သွေးသောက်ဟူသော အဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ပျူစောထီးအဖွဲ့ကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး သွေးသောက်အဖွဲ့ကို ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည်။ သွေးသောက်အဖွဲ့နည်းတူ Yangon Castigate Group (YCS)၊ စွန်ရဲ၊ သွေးသစ္စာနှင့် မျိုးချစ်ညွန့်ပေါင်း ဟူသော အဖွဲ့များလည်း ပေါ်ပေါက်လာခဲ့သည်။ စစ်အုပ်စုက ပျူစောထီးနှင့် သွေးသောက်ကဲ့သို့သော အဖွဲ့များ ဖွဲ့စည်းပေးထားခြင်းမရှိဟု ငြင်းဆိုခဲ့ပြီး ပြည်သူ့စစ်များကိုသာ ဖွဲ့စည်းထားသည်ဟု ပြောဆိုလေ့ရှိသည်။ ပြည်သူ့စစ်များကို လက်နက်တပ်ဆင်ပေးသည့် အခမ်းအနားများကိုလည်း စစ်အုပ်စုက ပြုလုပ်လေ့ရှိသည်။ ပြည်သူ့စစ်ဖြစ်စေ၊ ပျူစောထီးဖြစ်စေ၊ သွေးသောက်ဖြစ်စေ ပြည်သူ့စစ်ခေါင်းစဉ်အောက်တွင် စစ်အုပ်စုမှ လက်နက်တပ်ဆင်ကာ လေ့ကျင့်ပေးခြင်းဖြစ်ပြီး တာဝန်များ၊ စစ်ဆင်ရေးများကို လုပ်ဆောင်လျက်ရှိသည်။

ယေဘုယျအားဖြင့် ပြည်သူ့စစ်များ၊ ပျူစောထီးများသည် စစ်အုပ်စု၏ တပ်သားသစ်အင်အား လိုအပ်ချက်ကို ဖြည့်တင်းပေးရခြင်းဖြစ်သည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့်အတူ ရွာများကို စစ်ကြောင်းထိုးခြင်း၊ မြို့ပေါ်တွင် ကင်းလှည့်ခြင်း၊ ကင်းစောင့်ခြင်းနှင့် စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးစောင့်ကြပ်ခြင်းများကို ပျူစောထီးများက လုပ်ဆောင်ရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီဝင်များ၊ ပါတီထောက်ခံသူများ၊ တော်လှန်ရေးအင်အားစုများ၊ ပံ့ပိုးကူညီသူများ၊ စစ်အုပ်စု၏ ကျူးလွန်မှုများကို ဖော်ပြသော သတင်းမီဒီယာများကိုသာမက သက်ဆိုင်ရာ မိသားစုဝင်များကိုပါ ခြိမ်းခြောက်ရန်၊ လုပ်ကြံသတ်ဖြတ်ရန်အတွက်



# ၅ ပြည်သူ့စစ်လှုပ်ရှားမှုနောက်ကွယ်

စစ်အာဏာသိမ်းပြီးနောက် လူမျိုးရေး၊ ဘာသာရေး အတွေးအခေါ်အပေါ် အခြေခံသည့် ပျူစောထီးနှင့် သွေးသောက် ဟူသော အဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ ပျူစောထီးအဖွဲ့ကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး သွေးသောက်အဖွဲ့ကို ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည်။ သွေးသောက်အဖွဲ့နည်းတူ Yangon Castigate Group (YCS)၊ စွန်ရဲ၊ သွေးသစ္စာနှင့် မျိုးချစ်ညွန့်ပေါင်း ဟူသော အဖွဲ့များလည်း ပေါ်ပေါက်လာခဲ့သည်။ စစ်အုပ်စုက ပျူစောထီးနှင့် သွေးသောက်ကဲ့သို့သော အဖွဲ့များ ဖွဲ့စည်းပေးထားခြင်းမရှိဟု ငြင်းဆိုခဲ့ပြီး ပြည်သူ့စစ်များကိုသာ ဖွဲ့စည်းထားသည်ဟု ပြောဆိုလေ့ရှိသည်။ ပြည်သူ့စစ်များကို လက်နက်တပ်ဆင်ပေးသည့် အခမ်းအနားများကိုလည်း စစ်အုပ်စုက ပြုလုပ်လေ့ရှိသည်။ ပြည်သူ့စစ်ဖြစ်စေ၊ ပျူစောထီးဖြစ်စေ၊ သွေးသောက်ဖြစ်စေ ပြည်သူ့စစ်ခေါင်းစဉ်အောက်တွင် စစ်အုပ်စုမှ လက်နက်တပ်ဆင်ကာ လေ့ကျင့်ပေးခြင်းဖြစ်ပြီး တာဝန်များ၊ စစ်ဆင်ရေးများကို လုပ်ဆောင်လျက်ရှိသည်။

ယေဘုယျအားဖြင့် ပြည်သူ့စစ်များ၊ ပျူစောထီးများသည် စစ်အုပ်စု၏ တပ်သားသစ်အင်အားလိုအပ်ချက်ကို ဖြည့်တင်းပေးရခြင်းဖြစ်သည်။ စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့်အတူ ရွာများကို စစ်ကြောင်းထိုးခြင်း၊ မြို့ပေါ်တွင် ကင်းလှည့်ခြင်း၊ ကင်းစောင့်ခြင်းနှင့် စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးစောင့်ကြပ်ခြင်းများကိုပျူစောထီးများကလုပ်ဆောင်ရသည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီဝင်များ၊ပါတီထောက်ခံသူများ၊ တော်လှန်ရေးအင်အားစုများ၊ ပံ့ပိုးကူညီသူများ၊ စစ်အုပ်စု၏ ကျူးလွန်မှုများကို ဖော်ပြသော သတင်းမီဒီယာများကိုသာမက သက်ဆိုင်ရာ မိသားစုဝင်များကိုပါ ခြိမ်းခြောက်ရန်၊ လုပ်ကြံသတ်ဖြတ်ရန်အတွက်

သွေးသောက်အဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။

သွေးသောက်အဖွဲ့မှ သတ်ဖြတ်ကာ စွန့်ပစ်ထားသော ရုပ်အလောင်းများတွင် ၎င်းအဖွဲ့တံဆိပ်လည်ဆွဲကတ်ပြားများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ပြည်သူ့စစ်၊ ပျူစောထီးနှင့် သွေးသောက်အဖွဲ့များတွင် စစ်တပ်ထောက်ခံသူများ၊ အမျိုးသားရေးအစွန်းရောက်များ၊ စစ်တပ်ကျောထောက်နောက်ခံနိုင်ငံရေးပါတီများနှင့် ဆက်စပ်သူများ ပါဝင်လျက်ရှိသည်။

## ၅.၁ ဘာသာရေးနှင့် ပြည်သူ့စစ်

ပြည်သူ့စစ်များကိုဖွဲ့စည်းရာတွင် ဩဇာအတန်အသင့်ရှိသော ဒေသခံ အမျိုးသားရေးအစွန်းရောက်ဘုန်းကြီးများကိုအသုံးချကာ ဦးဆောင်စည်းရုံးစေသည်ကိုလည်း တွေ့ရသည်။ အမျိုးသားရေးအစွန်းရောက်ဘုန်းကြီးများဦးဆောင်သည့် ပြည်သူ့စစ်များသည် ပိုမိုအားကောင်းစွာတည်ရှိလျက်ရှိသည်ကို တွေ့ရသည်။ သေနတ်ကိုင်ဆောင်ထားသော ဘုန်းကြီးများကို ရွာသူရွာသားများက ကြိုဆိုနေသည့် သတင်းဓာတ်ပုံများ၊ ရုပ်သံများကို လူမှုကွန်ယက်စာမျက်နှာတွင် တွေ့မြင်နိုင်သည်။ ဒေသဆိုင်ရာ အမျိုးသားရေးအစွန်းရောက် ဘုန်းကြီးများသည် ရွာသားများကိုပြည်သူ့စစ်အတွင်းဝင်ရောက်ရန်အတွက် အတင်းအကြပ်ခြိမ်းခြောက်စည်းရုံးခြင်း၊ အမုန်းစကားများဖြင့် ဝါဒဖြန့်စည်းရုံးခြင်းများ ပြုလုပ်လျက်ရှိသည်။ တော်လှန်ရေးအင်အားစုများကို ဗုဒ္ဓဘာသာကို ဖျက်ဆီးမည့် အကြမ်းဖက်သမားများအဖြစ် ပုံဖော်ပြောဆိုလေ့ရှိသည်။ စစ်ကိုင်း၊ ကန့်ဘလူမြို့နယ်မှ ပြည်သူ့စစ်များကို ဦးဆောင်သော အမျိုးသားရေးအစွန်းရောက်ဘုန်းကြီး ဦးဝါသဝသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ထောက်ခံသော ကျေးရွာများကို မြေပေါ်မှ ဖျောက်ဖျက်ပစ်ရန်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ပံ့ပိုးကူညီသော KIA စခန်းများကို မီးရှို့ဖျက်ဆီးရန် တိုက်တွန်းပြောဆိုလေ့ရှိသည်။ စစ်အုပ်စု၏ ကျူးလွန်မှုကို ဖော်ပြသော သတင်းမီဒီယာများကိုလည်း အနောက်နိုင်ငံများ၏ ဝါဒဖြန့်မီဒီယာများအဖြစ် စွပ်စွဲပြောဆိုလေ့ရှိသည်။ မကွေး၊ ပေါက်မြို့နယ်မှ အမျိုးသားရေးအစွန်းရောက်ဘုန်းကြီး ဦးအရိယာဝံသ ခေါ် ပေါက်ကိုယ်တော်သည် ချင်းတော်လှန်ရေးအင်အားစုများနှင့် ပြည်သူ့ကာကွယ်ရေးတပ်များကိုဗုဒ္ဓဘာသာနှင့်သံဃာများကိုဦးတည်တိုက်ခိုက်နေသူများအဖြစ်ပုံဖော်ပြောဆိုလျက်ရှိသည်။ ပေါက်ကိုယ်တော်ကျောင်းထိုင်သော




ဘုန်းကြီးကျောင်းဝင်း အတွင်းတွင် အရပ်ဝတ်လက်နက်ကိုင်များကို မြင်တွေ့ရသည်။ ပြည်သူ့စစ်များသည် ၎င်း၏လက်အောက်တွင်တာဝန်ထမ်းဆောင်လိုပြီး လိုအပ်ချက်များကို စစ်အုပ်စုမှ ဖြည့်ဆည်းပေးပါက ပြည်သူ့စစ်များကို ဦးဆောင်မည်ဟု ပေါက်ကိုယ်တော်မှ ပြောဆိုထားသည်။

## ၅.၂ နိုင်ငံရေးပါတီ၊ အမျိုးသားရေးနှင့် ပြည်သူ့စစ်

စစ်အုပ်စုကို ထောက်ခံသူ၊ စစ်တပ်ထောက်ခံပွဲများကို ဦးဆောင်သူ၊စစ်အုပ်စုကျောထောက်နောက်ခံ နိုင်ငံရေးပါတီဝင်၊ လူမျိုးရေး/ဘာသာရေးခွဲခြားသူ၊ ဘာသာသာသနာတက်ကြွလှုပ်ရှားသူ အမျိုးသားရေးအစွန်းရောက်နှင့် စစ်အုပ်စုမှ ဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့များ၏ဆက်စပ်မှုများကိုမြို့နယ်တခုရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်အမျိုးသမီးတဦး၏လူမှုကွန်ယက်စာမျက်နှာတွင်တွေ့မြင်နိုင်သည်။ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) မြို့နယ်အတွင်းရေးမှူးဖြစ်သူ အမျိုးသမီးတဦးသည် ပါတီနှင့်သက်ဆိုင်သော လှုပ်ရှားမှုများတွင်ဦးဆောင်ပါဝင်လျက်ရှိသည်။ ၎င်းသည် ၂၀၂၀ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ကြံ့ခိုင်ရေးပါတီရွေး ကောက်ပွဲမဲဆွယ်စည်းရုံးရာ၌ ဦးဆောင်ပါဝင်ခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်တွင်လည်း ၎င်းသည် ကြံ့ခိုင်ရေးပါတီနှင့် ပတ်သက်သည့် အခမ်းအနားပွဲများ၊ လူငယ်စကားဝိုင်းများကိုဦးဆောင်ပါဝင်ခဲ့သည်။ ထို့အပြင် ၎င်းသည် စစ်တပ်ထောက်ခံပွဲများတွင်လည်းဦးဆောင်ပါဝင်သူဖြစ်သည်။ စစ်အာဏာမသိမ်းမီ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် မြို့နယ်တခုတွင် စစ်တပ်ထောက်ခံပွဲကို ဦးဆောင်ခဲ့သဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၌ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်ကို ကန့်ကွက်ရှုံ့ချပွဲတွင် ပါဝင်ခဲ့သည်။




*၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးသည် တပ်ထောက်ခံပွဲတွင် ပါဝင်ခဲ့သည်။*







၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အဆိုကို ကန့်ကွက်ရှုတ်ချပွဲတွင် ပါဝင်ခဲ့သည်။


အဆိုပါအမျိုးသမီးသည် အမျိုးသားရေးတက်ကြွလှုပ်ရှားသူ၊ လူမျိုးရေးခွဲခြားသူတဦးဖြစ်ပြီး အမျိုးဘာသာသာသနာနှင့် ပတ်သက်သော အကြောင်းအရာများကို ၎င်း၏ ကိုယ်ပိုင် Facebook စာမျက်နှာတွင် တွေ့ရသည်။ ထို့အပြင် အမျိုးသားရေးသမားများနှင့် အမျိုးသားရေးသံဃာများ ဦးဆောင်တည်ထောင်ထားသည့် မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းများကို ထောက်ခံအားပေးသူဖြစ်သည်။ စစ်ကောင်စီလက်ထက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဖြစ်လာသော ဦးဆေကိန္ဒသည် မဟော်သဓာကိုယ်ပိုင်အထက် တန်းကျောင်းများကို သွားရောက်လည်ပတ်လေ့ရှိသည်။ မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းများသည် ဗုဒ္ဓဘာသာနှင့် နိုင်ငံအတွက် အရေးကြီးသည်ဟု အဆိုပါ အမျိုး သမီး မှယုံကြည်သည်။ ထို့အပြင်ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုဖြစ်စဉ်တွင် စစ်အုပ်စုဘက်မှ ထောက်ခံသူ ဖြစ်သည်။ ရိုဟင်ဂျာများကို လူမျိုးတုံးသတ်ဖြတ်မှုကြောင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားရင်ဆိုင်နေရသော စစ်အုပ်စုဘက်မှ ထောက်ခံသူဖြစ်ပြီး ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် လူမျိုးရေးခွဲခြားသောအသုံးအနှုန်းများ သုံးစွဲထားသည်ကိုလည်း တွေ့ရသည်။




ကြံ့ခိုင်ရေးပါတီ၏ လှုပ်ရှားမှုများတွင် ပါဝင်လျက်ရှိသည်။





ဗုဒ္ဓဘာသာဘုန်းကြီးအား သတ်ဖြတ်သော အကြမ်းဖက်များအဖြစ် PDF များကို ပုံဖော်ပြောဆိုခဲ့သည်။



တော်လှန်ရေးကို ထောက်ခံအားပေးသူများ၏ ပိုင်ဆိုင်မှုများကို ချိပ်ပိတ်ရန် တိုက်တွန်းအားပေးခဲ့သည်။






စစ်အုပ်စု၏ ကျူးလွန်မှုများကို ဖော်ပြသည့် လွတ်လပ်သော သတင်းမီဒီယာများကို NLD အစိုးရ၏ မီဒီယာများအဖြစ် ပုံဖော်ဖြန့်ဝေထားသည်။





လူမျိုးရေးခွဲခြားသောအသုံးအနှုန်းအား ရည်ရွယ်ချက်ရှိရှိသုံးနှုန်းသည်ကို တွေ့ရသည်။




လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်သော စစ်အုပ်စုဘက်မှ ရပ်တည်သူဖြစ်သည်။




စစ်ကောင်စီတပ်သားများကို အရပ်သားများကို ကယ်တင်သူများ အဖြစ် ဇာတ်ကြောင်းပြောင်းပြန်ဖန်တီးကာ ပုံဖော်ခဲ့သည်။







PDF များကို အကြမ်းဖက်များ အဖြစ် ပုံဖော်ပြောဆိုခဲ့သည်။

နွေဦးတော်လှန်ရေးကာလအတွင်းစစ်အုပ်စု၏ ကျူးလွန်မှုများကိုကာကွယ်ပြောဆိုသူဖြစ်ပြီး စစ်အုပ်စုအတွက် ဝါဒဖြန့်ချိသော စာများကိုရေးသားလေ့ရှိသည်။ တော်လှန်ရေးတွင်ပါဝင်သူများကိုအရေးယူရန်၊ ပိုင်ဆိုင်မှုများ ချိုးပိတ်ရန် အားပေးသူဖြစ်သည်။ စစ်အုပ်စု၏ ကျူးလွန်မှုများကို ဖော်ပြသော သတင်းမီဒီယာများကိုလည်း NLD အစိုးရနှင့် အနောက်နိုင်ငံများအကြိုက်လိုက်သော မီဒီယာများအဖြစ် ပြောဆိုလျက်ရှိသည်။

ကြံ့ခိုင်ရေးပါတီဝင် အဆိုပါ အမျိုးသမီးသည် စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော မြို့နယ်တခုရှိ ဌာနေပြည်သူ့စစ်နှင့် ဆက်စပ်နေသည်ကို တွေ့ရသည်။ ပြည်သူ့စစ်သင်တန်းများသို့ သွားရောက်ခြင်း၊ လူမှုကွန်ယက်စာမျက်နှာပေါ်တွင်ပြည်သူ့စစ်ဝတ်စုံဖြင့် ပုံများတင်ခြင်းကိုပြုလုပ်လေ့ရှိသည်။ ထို့အပြင် လမ်းခင်းခြင်း၊ ဆေးရုံတွင် သန့်ရှင်းရေးလုပ်အားပေးခြင်း၊ သံဃာများကို လှူဒါန်းခြင်း စသည့် ရပ်ရွာအရေး၊ သာသနာ




*အမျိုးဘာသာနှင့် ပတ်သက်သည့် အရေးအသားများကို ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် တွေ့ရသည်။*



June 21, 2022

ဒါ🙏 ကျမ သမီးနေတဲ့ကျောင်း ဂုဏ်ယူဝမ်းမြောက်ရပါတယ်🙏
တနိုင်ငံလုံး ဖြစ်သင့်နေပြီ
-----------------

မဟော်သဓာ အထက်တန်းကျောင်းမှာ
ရတနာ့ဂုဏ်ရည်နဲ့ ကိုယ်ကျင့်အဘိဓမ္မာ
ကျမ်းစာတို့ကို Additional Subject
အနေနဲ့ သင်မယ် တဲ့။

ကောင်းလိုက်တာ။
ကိုယ်ပိုင် ထောင်ထားတဲ့ Private School
ဆိုတော့ သင်ကြားရေး+စိတ်ဓာတ်ရေးရာ
အကုန် အဆင်ပြေတယ်....

News:
မဟော်သဓာမှာ နေ့စဉ်နံနက်တိုင်း
ဟောခန်းမှာစုစည်းပြီးတော့ ဆရာတော်ထံမှ
သီလခံယူဆောက်တည်ကြရပါတယ်........
(၁၅)မိနစ်ခန့် ဝိပဿနာတရားအားထုတ်ကြရ
ပါတယ်။

မနက်ဖြန် နံနက်ပိုင်းက စတင်ပြီးတော့
အပိုဆောင်းသင်ကြားမှုအနေနဲ့ G-10- ကျောင်းသား/သူများကို ရတနာ့ဂုဏ်ရည်
ကျမ်းစာအုပ်ကို ဆရာတော်ဘုရားကိုယ်တိုင်
သင်ကြားပို့ချပေးမှာဖြစ်ပါတယ်။
(G-11) ကျောင်းသား/သူများကို
ကိုယ်ကျင့်အဘိဓမ္မာ ကျမ်းစာကို သင်ကြား
ပို့ချပေးသွားမှာဖြစ်ပါတယ်။

သူရိန်စိုး (ဓမ္မဒူတ)
မဟော်သဓာ ကိုယ်ပိုင်အထက်တန်းကျောင်း
သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ...။
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်
ငွေနံ့သာကျေးရွာ။
၀၉၆၉၂၂၅၆၉၆၉။၀၉၇၇၇၂၂၉၆၀၄

crd

ဦးမြင့်နိုင်

See Translation





January 22

သမီးကြီးဆရာတော်ဘုရားကြီးအာ ဘာတွေများ
မေးမြန်လျှောက်တင်သည်ကို သိချင်လိုက်တာ
🙏🙏🙏
🙏ဆရာတော်အရှင်ဆေကိန္ဒ၏ မဟော်သဓာ
ခရီးစဉ်🙏

#၁၃၈၄ခုနှစ် တပို့တွဲလဆန်း(၂)ရက်
ဇန်နဝါရီ(၂၂)ရက်(၂၀၂၃)တနင်္ဂနွေနေ့

#ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ-
(အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာ
ပြုတက္ကသိုလ် ပါမောက္ခချုပ်)ဆရာတော်
ဘုရားသည် ယနေ့မွန်းလွဲ(၃)နာရီတိတိ
အချိန်တွင် မဟော်သဓာသို့ကြွရောက်ချီးမြှင့်
တော်မူခဲ့ပါသည်။

#မွန်းလွဲ(၃)နာရီတိတိအချိန်မှစ၍
မဟော်သဓာဓမ္မာရုံသစ်ကြီးအတွင်း၌
မဟော်သဓာကျောင်းသား/သူများနှင့်
တွေ့ဆုံတော်မူခဲ့ပါသည်။

#ကျောင်းသား/သူများ မေးသမျှမေးခွန်း
ပေါင်းများစွာကို စိတ်ရှည်လက်ရှည်ဖြင့်
ရှင်းလင်းဖြေကြားပေးတော်မူခဲ့ပါသည်။

#မဟော်သဓာမိသားစုများက လှူဖွယ်များ
ဆက်ကပ်လှူဒါန်းပြီး ညနေ(၄း၃၀)တိတိ
အချိန်တွင် မဟော်သဓာမှပြန်လည်ကြွချီ
တော်မူခဲ့ပါသည်

See Translation



*မဟော်သဓာကျောင်းကို ချီးကျူးထောက်ခံသော အရေးအသားများကို ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် တွေ့ရသည်။*

ရေးကိစ္စများကို ပြည်သူ့စစ်များနှင့်အတူ ဆောင်ရွက်လျက်ရှိသည်ဟု ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် ပုံဖော်ရေးသားလေ့ရှိသည်။ ၎င်း၏နေအိမ်သို့လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခံရသော ဖြစ်စဉ်များရှိခဲ့ပြီး ၎င်းက တော်လှန်ရေး အင်အားစုများကို လူမှုကွန်ယက်စာမျက်နှာတွင် စိန်ခေါ်ခဲ့သည်။ ထို့အပြင် ၎င်းသည် တော်လှန်ရေးအင်အားစုများကိုအမျိုးဘာသာသာသနာကိုဖျက်ဆီးသူများသို့မဟုတ်ဗုဒ္ဓဘာသာအဆောက်အအုံများ၊ ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် ဆရာဆရာမများကို ပစ်မှတ်ထားတိုက်ခိုက်သော နိုင်ငံကိုဖျက်ဆီးမည့် အကြမ်းဖက်သမားများအဖြစ် ပုံဖော်လေ့ရှိသူ ဖြစ်သည်။




ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးက စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်ဌာနေအဖွဲ့နှင့် ပူးပေါင်း၍ ဘာသာရေးလှူဒါန်းပွဲကို လုပ်ဆောင်ခဲ့သည်။




ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးကို စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်ဌာနေအဖွဲ့နှင့် ပူးတွဲမြင်တွေ့ရသည်။





ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးကို စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်ဌာနေအဖွဲ့နှင့် ပူးတွဲမြင်တွေ့ရသည်။




*ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးက စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်ဌာနေအဖွဲ့နှင့် ပူးပေါင်း၍ ဘာသာရေး လှူဒါန်းပွဲကို လုပ်ဆောင်ခဲ့သည်။*




*ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးကို စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်ဌာနေအဖွဲ့နှင့် ပူးတွဲမြင်တွေ့ရသည်။*




*ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးကို စစ်အုပ်စုမှ လက်နက်တပ်ဆင်ပေးထားသော ပြည်သူ့စစ်ဌာနေအဖွဲ့နှင့် ပူးတွဲမြင်တွေ့ရသည်။*




*ပြည်သူ့စစ် စစ်ရေးပြသင်တန်းသို့ သွားရောက်အားပေးသည်ဟု ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးက ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် ရေးသားထားသည်။*

ဤအကြောင်းအရာများသည် စစ်အုပ်စုကို ထောက်ခံသူ၊ စစ်တပ်ထောက်ခံပွဲများကို ဦးဆောင်သူ၊ စစ်အုပ်စုကျောထောက်နောက်ခံ နိုင်ငံရေးပါတီဝင်၊ လူမျိုးရေး/ဘာသာရေးခွဲခြားသူ၊ဘာသာသာသနာတက်ကြွလှုပ်ရှားသူ အမျိုးသားရေးအစွန်းရောက်နှင့် စစ်အုပ်စုမှဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့များ၏ ဆက်စပ်မှုသာဓကတခုသာဖြစ်သည်။ ယခုအကြောင်းအရာကဲ့သို့သော ဖြစ်စဉ်များသည် နိုင်ငံအနှံ့အပြားတွင် ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိသည်။




*ကြံ့ခိုင်ရေးပါတီဝင်အမျိုးသမီးက ၎င်း၏ ပြည်သူ့စစ်ဝတ်စုံဖြင့် ပုံများကို လူမှုကွန်ယက်စာမျက်နှာတွင် တင်ခဲ့သည်။*

## ၆ စစ်အုပ်စု၏ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ

၂၀၂၂ ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ခဲ့သည်ဟူ၍ စစ်အုပ်စုက စွပ်စွဲကာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်အာဏာကို တရားလက်လွတ်သိမ်းယူရန် ကြိုးပမ်းခဲ့သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းကွာခြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (Union Election Commission – UEC) က ပျက်ကွက်ခဲ့ကြောင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် စစ်အုပ်စုက ထုတ်ပြန်ခဲ့သည်။ မဲစာရင်းမှားယွင်းမှုများကိုပြန်လည်စစ်ဆေးသွားမည်ဟု ဖေဖော်ဝါရီ ၂ ရက်တွင် စစ်အုပ်စုက ပြောကြားခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများကို ဖေဖော်ဝါရီလအတွင်း စစ်အုပ်စုက ဆက်တိုက်ဖမ်းဆီးခဲ့သည်။ ***(Myanmar Now, 2021a)***

အာဏာသိမ်းရန်ကြိုးပမ်းချိန်မှ စတင်၍ စစ်အုပ်စုသည် အာဏာကိုရေရှည်ဆုပ်ကိုင်နိုင်ရန် ပြင်ဆင်သည့်အနေဖြင့် ရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့စည်းခြင်း၊ ၎င်းတို့ကျင်းပခွင့်မရှိသော ရွေးကောက်ပွဲအသစ်တရပ်ကျင်းပရန် စီစဉ်ခြင်းများကို အစဉ်တစိုက်ပြုလုပ်ခဲ့သည်။ ထို့အပြင် စစ်အုပ်စုသည် ၎င်းတို့ပြောင်းလဲခွင့်မရှိသော ရွေးကောက်ပွဲစနစ်ကို PR စနစ်သို့ စိတ်ကြိုက်ပြောင်းလဲရန်နှင့် လူထုထောက်ခံမှုအားကောင်းသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ဖျက်သိမ်းရန်ကိုလည်း ကြိုးပမ်းခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ကျင်းပရန်စီစဉ်နေသော ရွေးကောက်ပွဲကို တနိုင်ငံလုံးတွင် နေရာမကျန်ကျင်းပနိုင်ရန် ကြိုးစားနေသည်ဟု စစ်အုပ်စု၏ ပြောခွင့်ရပုဂ္ဂိုလ် ဇော်မင်းထွန်းက ၂၀၂၂ ခုနှစ်၊ မတ် ၂၄ ရက်

သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ***(RFA, 2022)*** Closed List PR စနစ်သစ်ဖြင့် ရွေးကောက်ပွဲ ပြုလုပ်သွားမည်ဟု ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၇ ရက် သတင်းစာရှင်းလင်းပွဲတွင် ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။ ***(DVB, 2022)*** နိုင်ငံရေးပါတီဥပဒေများပြင်ဆင်ခြင်း၊ မြို့နယ်များတွင် မဲစာရင်းကောက်ယူခြင်းများ စတင်လုပ်ဆောင်နေပြီး PR စနစ် ပြောင်းလဲကျင့်သုံးနိုင်ရန် ခရိုင်များပြင်ဆင်ဖွဲ့စည်းမည်ဟု ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက် သတင်းစာရှင်းလင်းပွဲတွင် ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။ ***(ရဲမွန်, 2022)***

စစ်အုပ်စုသည် ရွေးကောက်ပွဲကျင်းပနိုင်ရေး အတွက် နည်းပညာများကို အသုံးချရန် ကြိုးပမ်းလျက်ရှိသည်။ Electronic Voting စနစ်ကိုအသုံးပြုရန် ရည်ရွယ်နေသည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်အုပ်စု၏ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က Myanmar Electronic Voting Machine (MEVM) ကို မင်းအောင်လှိုင်အား ပြသခဲ့သည်။ “နေရာအားလုံးမှာ ပြောင်းလဲသွားမယ်ဆိုတာတော့ ကျွန်တော်တို့လည်း ရာနှုန်းပြည့် မပြောနိုင်သေးပါဘူး။ ပြောင်းလဲ အသုံးပြုဖို့တော့ ရှိတယ်။ တချို့နေရာတွေမှာလည်း အရင်မဲပေးတဲ့ စနစ်အတိုင်း မဲပေးဖို့ရှိသေးတယ်။ ဘယ်လိုပဲ ပြောပြော ကျွန်တော်တို့က ဒီစက်ကို အသုံးပြုနိုင်အောင် စီစဉ်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်” ဟု စစ်အုပ်စု၏ ပြောခွင့်ရ ဇော်မင်းထွန်းက ပြောဆိုထားသည်။ ***(BBC News မြန်မာ, 2023)*** ကိုယ်ရေးအချက်အလက် (Biographic)၊ မျက်နှာသွင်ပြင်၊ လက်ဗွေစသည့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) များကိုထည့်သွင်းမှတ်သားထားမည့် အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ကို နေပြည်တော်တွင် စတင်အကောင်အထည်ဖော်ပြီး တနိုင်ငံလုံးတွင် ဆက်လက်ဆောင်ရွက်မည်ဟု စစ်အုပ်စုမှ ထုတ်ပြန်ထားသည်။ ***(အောင်ဇေ, 2023)*** ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း သန်းခေါင်စာရင်း ကောက်ယူသွားမည်ဟု စစ်အုပ်စုမှ ထုတ်ပြန်ထားသည်။ ***(စုမြတ်မွန်, 2023)*** သန်းခေါင်စာရင်းကို Software အကူအညီဖြင့် Moblie/Tablet များမှတဆင့် ကောက်ယူနိုင်ရန် ပြင်ဆင်နေပြီး နိုင်ငံတကာက အကြံပေးပညာရှင်များကို ဖိတ်ခေါ်ထားသည်ဟု စစ်အုပ်စု၏ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ ပြောဆိုထားသည်။ ***(ငြိမ်းချမ်း, 2023)***

အာဏာသိမ်းပြီးနောက်တွင် စစ်အုပ်စုသည် ရွေးကောက်ပွဲအသစ်တရပ်ကျင်းပရန်၊ ရွေးကောက်ပွဲစနစ်ကို PR စနစ်သို့ ပြောင်းလဲကျင့်သုံးရန်အတွက် နိုင်ငံရေးပါတီများ နှင့် တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားခံရသော နိုင်ငံရေးပါတီ ၉၁ ပါတီ အနက် ၅၃ ပါတီ တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ၂၀၂၀ ရွေးကောက်ပွဲရလဒ် ပျက်ပြယ်သွားပြီဟု စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။ ***(သက်နိုင်, 2021)*** ၂၀၂၁ ခုနှစ်၊ မေ ၂၁ ရက်တွင် စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီ ၅၉ ပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက ၂၀၂၀ ရွေးကောက်ပွဲ မဲမသမာမှု၊ လာမည့် ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) ကျင့်သုံးနိုင်ရေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဖျက်သိမ်းရေး စသည်တို့ကို ပြောဆိုဆွေးနွေးခဲ့သည်။ ***(The Irrawaddy, 2021)***

၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကို အလေးထားနိုင်ရန် အတွက် PR စနစ်ကို ပြောင်းလဲကျင့်သုံးသွားမည်ဟု မင်းအောင်လှိုင်က ထုတ်ဖော်ပြောဆိုခဲ့သည်။ PR စနစ်ကို အသုံးပြုရန် နိုင်ငံရေးပါတီအများစုက ထောက်ခံထားသည်ဟု ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက် သတင်းစာရှင်းလင်းပွဲတွင် စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်က ပြောဆိုခဲ့သည်။ သို့သော် PR စနစ်ကို ထောက်ခံသည့် နိုင်ငံရေးပါတီအရေအတွက်ကို ပြောဆိုခဲ့ခြင်းမရှိပါ။ ***(Myanmar Now, 2021e)*** ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၉ ရက်တွင် စစ်အုပ်စု၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) က နိုင်ငံရေးပါတီ ၁၈

ပါတီနှင့် တွေ့ဆုံကာ PR စနစ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ***(RFA, 2021a)***

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီ ၅၁ ပါတီ တို့ ရန်ကုန်တွင် တွေ့ဆုံခဲ့သည်။ လာမည့်ရွေးကောက်ပွဲများတွင် PR စနစ်နှင့်မဲများသူအနိုင်ရစနစ် (First Past the Post – FPTP) ကို အတူကျင့်သုံးရန် ပါတီများကို စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်က အဆိုပြုခဲ့သည်။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်များ အနက် မည်သည်တွင် PR စနစ်ကျင့်သုံးမည်ကို ပါတီများက ရွေးချယ်ရန် ပြောကြားခဲ့သည်။ ***(BBC News မြန်မာ, 2021)*** ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်မှ ၂၆ ရက်ထိ ရွေးကောက်ပွဲကောမရှင်နှင့် နိုင်ငံရေးပါတီ ၆၂ ပါတီ တို့ ရန်ကုန်မြို့တွင် တွေ့ဆုံခဲ့သည်။ ***(The Irrawaddy, 2021b)*** ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက မြန်မာနိုင်ငံရှိ လွှတ်တော် ၃ ရပ်စလုံးတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List PR) ကျင့်သုံးသင့်သည်ဟု အကြံပြုခဲ့သည်။ ***(The Irrawaddy, 2022)***

နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေအသစ်ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်တွင် စစ်အုပ်စု၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြဋ္ဌာန်းခဲ့သည်။ မတရားအသင်းကြေညာခံထားရတဲ့သူများ၊ ထောင်ဒဏ်ကျခံနေရသူများ ပါတီတည်ထောင်ခွင့်မရှိဟု ဥပဒေအသစ်တွင် ဖော်ပြထားသည်။ နိုင်ငံတဝန်းစည်းရုံးမည့်ပါတီ ဖြစ်ပါက ပါတီရံပုံငွေ ကျပ်သိန်း ၁၀၀၀၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တခုတွင် စည်းရုံးမည့်ပါတီ ဖြစ်ပါက ပါတီရံပုံငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံရမည်၊ နိုင်ငံတဝန်းစည်းရုံးမည့်ပါတီ ဖြစ်ပါက ရက် ၉၀ အတွင်း ပါတီဝင် ၁ သိန်း စည်းရုံးရန်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တခုတွင် စည်းရုံးမည့်ပါတီ ဖြစ်ပါက ရက် ၉၀ အတွင်း ပါတီဝင် ၁ ထောင် စည်းရုံးရမည်ဟု ဥပဒေအသစ်တွင် ဖော်ပြထားသည်။

မူလတည်ရှိသော နိုင်ငံရေးပါတီ ၉၂ ပါတီအနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီကို ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီကို ၂၀၂၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။ ကျန်ရှိသော နိုင်ငံရေးပါတီ ၉၀ အနက် စစ်အုပ်စု၏ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေအသစ်အရ မှတ်ပုံတင်ခဲ့သော ပါတီစုစုပေါင်း ၅၀ ပါတီ ရှိခဲ့ပြီး ပြန်လည်မှတ်ပုံတင်ခြင်းမရှိသော ပါတီ ၄၀ ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်က ဖျက်သိမ်းခဲ့သည်။ ပါတီအသစ်အဖြစ် မှတ်ပုံတင်သော နိုင်ငံရေးပါတီ ၁၃ ပါတီရှိခဲ့သည်။ ထို့ကြောင့် စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်ထံ မှတ်ပုံတင်ခဲ့သောပါတီစုစုပေါင်း ၆၃ ပါတီ ရှိခဲ့သည်။ နိုင်ငံတဝန်းစည်းရုံးမည့်ပါတီ ၁၂ ပါတီရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်စည်းရုံးမည့်ပါတီအရေအတွက်မှာ ၅၁ ပါတီဖြစ်သည်။ စစ်အုပ်စုကိုထောက်ခံသော၊ ရိုဟင်ဂျာများ၏ဖြစ်တည်မှုကို ငြင်းဆိုသော အမျိုးသားရေးအခြေပြုနိုင်ငံရေးပါတီများ ပြန်လည်မှတ်ပုံတင်ကြသည်ကိုတွေ့ရသည်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် မင်းအောင်လှိုင်နှင့်တွေ့ဆုံခဲ့သော ၃၄ ပါတီအနက် ၂၃ ပါတီက ပြန်လည်မှတ်ပုံတင်ခဲ့သည်။ NLD အစိုးရလက်ထက် ရွေးကောက်ပွဲရလဒ်များကိုဆန့်ကျင်သောကြေညာချက်များ၊ စစ်အုပ်စုကိုထောက်ခံသော ကြေညာချက်များ၊ စစ်အုပ်စု စွဲကိုင်ကျင့်သုံးသည့် အချုပ်အခြာအာဏာကို အလေးပေးသော ကြေညာချက်များ၊ ရိုဟင်ဂျာများကို ခွဲခြားဆက်ဆံသော ကြေညာချက်များ စသည်တို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (Union Solidatory and Development Party) နှင့် ပူးတွဲထုတ်ပြန်ခဲ့သော ပါတီစုစုပေါင်း ၃၂ ပါတီ ရှိသည့်အနက် ၂၄ ပါတီက ပြန်လည်မှတ်ပုံတင်ခဲ့သည်။ ရောဝတီ၊ ညောင်တုန်းမြို့နယ်တွင် စစ်အုပ်စု၏ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များကကျေးရွာများနှင့်ရပ်ကွက်များတွင်အရပ်သားများကို အတင်းအကြပ် လက်မှတ်ရေးထိုးခိုင်းကာ စစ်တပ်ထောက်ခံသော နိုင်ငံရေးပါတီများအတွက် ပါတီဝင်အင်အားလိုက်လံစုဆောင်းပေးလျက်ရှိသည်။ ***(Khit Thit Media, 2023)*** ရောဝတီတွင် ကြံ့ခိုင်ရေးပါတီ

တခုတည်းသာ နယ်မြေဆင်းစည်းရုံးခြင်းနှင့် ရုံးဖွင့်ပွဲများ ဆိုင်းဘုတ်တင်ပွဲများပြုလုပ်လျက်ရှိသည်။ ဧရာဝတီရှိ မြို့နယ်အများစုတွင် ကြံ့ခိုင်ရေးပါတီဝင်အချို့သည် စစ်ကောင်စီတပ်ဖွဲ့ဝင်များနှင့်အတူ မြို့တွင်းလုံခြုံရေးယူခြင်း၊ ကင်လှည့်ခြင်းများအပြင် ဧည့်စာရင်းစစ်ဆေးသည့် လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်လျက်ရှိသည်။ ***(Ayeyarwaddy Times, 2023b)***

စစ်အုပ်စုသည် နိုင်ငံရေးပါတီများ၏ နိုင်ငံတကာဆက်ဆံရေးကိုလည်း ထိန်းချုပ်ထားသည်ကို တွေ့ရသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ပအဖွဲ့အစည်းတခုခု သို့မဟုတ် ပုဂ္ဂိုလ်တဦးဦးနှင့် တွေ့ဆုံမည်ဆိုပါက ၎င်းထံသို့ကြိုတင်အကြောင်းကြားပြီး ခွင့်ပြုချက်ယူရမည်ဟု စစ်အုပ်စု၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၂ခုနှစ်၊ ဩဂုတ် ၁၁ ရက်တွင် အကြောင်းကြားခဲ့သည်။ ***(The Irrawaddy, 2022b)*** မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံလိုသော ပြည်ပအဖွဲ့အစည်းများသည် မြန်မာနိုင်ငံအခြေစိုက် သက်ဆိုင်ရာ နိုင်ငံခြားသံရုံးများကို ဆက်သွယ်သတင်းပေးပို့၍ အဆိုပါသံရုံးများမှတဆင့် စစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးဌာနကို ဆက်သွယ်သတင်းပေးပို့ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၂ခုနှစ်၊ ဩဂုတ် ၂၄ ရက်တွင် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။ ***(VOA, 2022)*** ရခိုင်အမျိုးသားပါတီ(ANP)၊ ရခိုင့်ဦးဆောင်ပါတီ(AFP)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီနှင့် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီများအား တရုတ်နိုင်ငံသို့ ၁၀ ရက် ခရီးစဉ်ကို တရုတ်ကွန်မြူနစ်ပါတီက ၂၀၂၃ ခုနှစ်၊ မတ်လအတွင်းတွင် ဖိတ်ခေါ်ခဲ့သည်။ သို့သော် ပါတီမှတ်ပုံတင်လျှောက်ထားခြင်းကို ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးနေဆဲဖြစ်သဖြင့် အဆိုပါခရီးစဉ်ကို ရွှေ့ဆိုင်းထားရသည်။ ***(Narinjara, 2023) (BBC News မြန်မာ, 2023b)*** တရုတ်ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ရှုဘင်၏ မေ ၁၆ မှ ၁၉ ရက်အတွင်း မြန်မာခရီးစဉ်တွင် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခွင့်မရခဲ့ပေ။ ***(BBC News မြန်မာ, 2023c)***

တရားဝင်မှုမရှိသော ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) ပြောင်းလဲကျင့်သုံးခြင်းဖြင့် စစ်တပ်ထောက်ခံသောပါတီများအနေဖြင့် လွှတ်တော်တွင် ကိုယ်စားလှယ်နေရာများပိုမိုရရှိကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော စစ်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းဖြင့် ပူးပေါင်း၍ အာဏာကို ရေရှည်ထိန်းသိမ်းရန်အတွက် စစ်အုပ်စုမှ ရည်ရွယ်လျက်ရှိနေသည်ကိုတွေ့ရသည်။ သို့သော် တဘက်တွင် နိုင်ငံတဝန်းရှိမြို့နယ်ပေါင်း ၃၃၀ အနက် ရာနှုန်းပြည့်ထိန်းချုပ်နိုင်သည်မှာ ၁၉၈ မြို့နယ်သာ ရှိပြီး၊ လုံခြုံရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရမည့် မြို့နယ် ၆၇ ခု၊ ထိထိရောက်ရောက်ဆောင်ရွက်ရမည့် မြို့နယ် ၆၅ ခု ရှိသည်ဟု ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် စစ်အုပ်စုမှ တရားဝင်ပြောဆိုထားသည်။ ***(ဟန်သစ်, 2023)*** ထိုသို့ နိုင်ငံတဝန်းရှိ နယ်မြေထက်ဝက်ခန့်ကို အလုံးစုံထိန်းချုပ်နိုင်ခြင်းမရှိကြောင်း စစ်အုပ်စုမှ ဝန်ခံပြောဆိုထားသည့်အပြင် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို အတိအကျပြောဆိုနိုင်ခြင်းမရှိသည်ကိုလည်း တွေ့ရသည်။ စစ်အုပ်စုက ရွေးကောက်ပွဲနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲအပါအဝင် သတင်းစာရှင်းလင်းပွဲများကိုလည်း ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ကာ ရပ်နားထားသည်။ စစ်အုပ်စု၏ ရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်လျှောက်ထားသော နိုင်ငံရေးပါတီများကို စိစစ်ရာတွင် ၆၃ ပါတီအနက် ၃၈ ပါတီကိုသာ ခွင့်ပြုထားပြီး အလျင်စလိုဆောင်ရွက်ခြင်းမရှိသေးပေ။ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပရန် စစ်အုပ်စုမှ လုပ်ဆောင်နေသော်လည်း လက်ရှိကာလများတွင် အလျင်အမြန်ကျင်းပရန် အရှိန်အဟုန်မြှင့်လုပ်ဆောင်နေခြင်းမရှိသည်ကို တွေ့ရသည်။

# ၇ | နိဂုံး

မြန်မာနိုင်ငံတွင် လူမျိုးရေး/ဘာသာရေး အခြေပြုသော ပဋိပက္ခများ၊ဗမာမဟုတ်သော အခြားလူမျိုးစုများအပေါ် ဖိနှိပ်မှုများ သမိုင်းတလျောက် ဖြစ်ပွားခဲ့သည်။ စစ်အုပ်စုသည် အာဏာနှင့် ၎င်းတို့အကျိုးစီးပွားများအတွက် လူ့အဖွဲ့အစည်းအတွင်းရှိ လူမျိုး၊ ဘာသာ ကွဲပြားမှုများကို ခေတ်အဆက်ဆက် လိုအပ်သလို အသုံးချခဲ့ပြီး ယခုအချိန်အထိ ဆက်လက်အသုံးချနေဆဲဖြစ်သည်။ လက်ရှိနွေဦးတော်လှန်ရေးကာလတွင် လူမျိုးစုတော်လှန်ရေးအဖွဲ့-ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် စစ်အုပ်စုတို့အကြား တိုက်ပွဲများပြင်းထန်နေသည့် ကချင်-စစ်ကိုင်းဒေသနှင့် ကရင်နီ-ရှမ်းဒေသတို့တွင် ကချင်လူမျိုးစုနှင့် ရှမ်းနီလူမျိုးစုများအကြား၊ ကရင်နီဒေသရှိ လူမျိုးစုများနှင့် ပအိုဝ်းလူမျိုးများအကြား လူမျိုးရေးအရသာမက "ဗုဒ္ဓဘာသာကိုးကွယ်သူများနှင့် ခရစ်ယာန်ဘာသာကိုးကွယ်သူများ" ဟူ၍ ဘာသာရေးအရသွေးခွဲရန် စစ်တပ်ထောက်ခံသော မီဒီယာများနှင့် လူပုဂ္ဂိုလ်များမှ ဝါဒဖြန့်ချိလျက်ရှိသည်။

ထို့အပြင် နွေဦးတော်လှန်ရေးကာလတွင် တော်လှန်ရေးအားကောင်းလာသည့် လူမျိုး၊ ဘာသာနှင့် ယဉ်ကျေးမှုအရ ကွဲပြားမှုမရှိသော အညာဒေသတွင်ပင် စစ်အုပ်စုမှ ဘာသာရေးကို အခြေပြုကာ သွေးခွဲရန် ကြိုးပမ်းလျက်ရှိသည်။ ဒေသခံတော်လှန်ရေးအင်အားစုများအား အမျိုးဘာသာသာသနာကို ဖျက်ဆီးသူများ သို့မဟုတ် ဗုဒ္ဓဘာသာ အဆောက်အအုံများ၊ ဗုဒ္ဓဘာသာ ဘုန်းကြီးများနှင့် ဆရာဆရာမများကို ပစ်မှတ်ထားတိုက်ခိုက်သော နိုင်ငံကိုဖျက်ဆီးမည့် အကြမ်းဖက်သမားများအဖြစ် စစ်အုပ်စုနှင့် စစ်အုပ်စုကို ထောက်ခံသူအစုအဖွဲ့များ မှ ပုံဖော်ဝါဒဖြန့်ချိလျက်ရှိသည်။

စစ်အုပ်စုက "၎င်းတို့သည် အမျိုးဘာသာသာသနာကို ကာကွယ်သူများဖြစ်သည်"ဟု ပုံဖော်ကာ "လူမျိုးနှင့် ဘာသာကို ကာကွယ်ရန်" ဟူသော အတွေးအခေါ်အပေါ် အခြေခံ၍ ထောက်ခံသူများကို စည်းရုံးသိမ်းသွင်းသည်။ စစ်အာဏာသိမ်းပြီးနောက် လူမျိုးရေး၊ ဘာသာရေး အတွေးအခေါ်အပေါ် အခြေခံသည့်ပျူစောထီး၊သွေးသောက်ကဲ့သို့သောလက်နက်ကိုင်အဖွဲ့များပေါ်ပေါက်လာခဲ့သည်။ပျူစောထီး၊သွေးသောက်စသော အဖွဲ့များကို ၎င်းတို့မှ ဖွဲ့စည်းပေးခြင်းမရှိဟု စစ်အုပ်စုက ငြင်းဆိုသော်လည်း စစ်အုပ်စုနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ စစ်အုပ်စုကျောထောက်နောက်ခံနိုင်ငံရေးပါတီ၊ စစ်တပ်ထောက်ခံပွဲများကို ဦးဆောင်သူ၊ အမျိုးသားရေးအစွန်းရောက်များ၊ အမျိုးသားရေးဘုန်းကြီးများနှင့်အဆိုပါလက်နက်ကိုင်အဖွဲ့များအကြား ဆက်စပ်မှုများကို Facebook နှင့် Telegram တို့တွင် တွေ့မြင်နိုင်သည်။

စစ်အုပ်စုသည် ၎င်းတို့၏ တပ်သားသစ်လိုအပ်ချက်ကို ဖြည့်တင်းရန်နှင့် တော်လှန်ရေးအရှိန်အဟုန်ကို အတိုင်းအတာတခုအထိ လျှော့ချနိုင်

ရန်အတွက် စစ်တပ်ထောက်ခံသူများနှင့် သြဇာအတန်အသင့်ရှိသော ဒေသခံအမျိုးသားရေးအစွန်းရောက်ဘုန်းကြီးများကို ဦးစီးစေ၍ လက်နက်များတပ်ဆင်ကာ ပြည်သူ့စစ်များအဖြစ်ဖွဲ့စည်းပေးလျက်ရှိသည်။ အထူးသဖြင့် ပြည်သူ့စစ်များကို အညာဒေသတွင် အခြေပြုဖွဲ့စည်းထားသည်ကို တွေ့ရသည်။ အရပ်သားများကို ခြိမ်းခြောက်ကာ ပြည်သူ့စစ်အတွင်းသို့ အတင်းအကြပ်ဝင်ရောက်စေခြင်းများလည်းရှိသည်။ ဒေသခံ အမျိုးသားရေးအစွန်းရောက် ဘုန်းကြီးများဦးဆောင်သည့် ပြည်သူ့စစ်များသည် ပိုမိုအားကောင်းစွာတည်ရှိသည်ကို တွေ့ရသည်။ ပြည်သူ့စစ်၊ ပျူစောထီး၊ သွေးသောက် စသော လက်နက်ကိုင်အဖွဲ့များသည် "လူမျိုးနှင့် သာသနာကို ကာကွယ်ရန်" ဟူသော အတွေးအခေါ်အပေါ် အခြေတည်ဖွဲ့စည်းထားခြင်းဖြစ်ပြီး နောက်ကွယ်တွင် စစ်အုပ်စုမှ ကျောထောက်နောက်ခံပေးလျက်ရှိသည်။ အဆိုပါအင်အားစုများအား ပြယုဂ်တခုအဖြစ်ပုံဖော်အသုံးချခြင်းဖြင့်အရပ်သားများအကြားတွင် မည်သည့်အဖွဲ့အစည်း၏ပရောဂမျှမပါဘဲ နွေဦးတော်လှန်ရေးအား သဘောမတူသည့် အစုအဖွဲ့များရှိသည်ဟူ၍ စစ်အုပ်စုမှ ပြည်တွင်းပြည်ပသို့ ဝါဒဖြန့်ချိလျက်ရှိသည်။ တနည်းအားဖြင့် တော်လှန်ရေးအင်အားစုများအား ဒေသတွင်းငြိမ်းချမ်းမှုနှင့် ဗုဒ္ဓဘာသာကို ထိပါးနှောက်ယှက်သူများအဖြစ်လည်းကောင်း၊ ပြည်သူ့စစ်အပါအဝင် စစ်တပ်လက်အောက်ခံလက်နက်ကိုင်အဖွဲ့များကို ဒေသတွင်းကာကွယ်စောင့်ရှာက်သူများအဖြစ်လည်းကောင်း ဇာတ်ကြောင်းပြောင်းပြန်ဖန်တီးခြင်းဖြစ်သည်။

စစ်အုပ်စုသည် တိုက်ပွဲဖြစ်ပွားရာဒေသများတွင်သာမက မြို့ပြများတွင်ပါ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကို လုပ်ဆောင်လျက်ရှိသည်။ ပြည်သူ့စစ်များသည် စစ်ကောင်စီတပ်၏ အဆင့်ဆင့်ကွပ်ကဲမှုစနစ် (Chian of Command) အောက်တွင် စစ်ကောင်စီတပ်သားများနှင့်အတူ တာဝန်များကို ထင်ထင်ရှားရှား ပူးတွဲလုပ်ဆောင်သည်။ စစ်မြေပြင်၌ ကျူးလွန်လျက်ရှိသည့် ရာဇဝတ်မှုများတွင် ပြည်သူ့စစ်များက ပူးပေါင်းကျူးလွန်သူများအဖြစ် ပါဝင်နေသည်။ စစ်အုပ်စုမှ ၎င်းတို့နှင့် ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုထားသည့် သွေးသောက်ကဲ့သို့သော အကြမ်းဖက်အဖွဲ့များသည် တော်လှန်ရေးအင်အားစုများနှင့် ထောက်ခံသူများကိုသာမက သက်ဆိုင်ရာမိသားစုဝင်များကိုပါ ခြိမ်းခြောက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ တိုက်ပွဲများမရှိသည့်ဒေသများတွင် စစ်တပ်နှင့် ၎င်းလက်အောက်ခံလုံခြုံရေးအဖွဲ့များမှ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ပြည်သူလူထုအကြား အကြောက်တရားနှင့် မလုံခြုံမှုအား ပိုမိုပျံ့နှံ့စေရန်အတွက်သွေးသောက်ကဲ့သို့သောအကြမ်းဖက်အဖွဲ့များမှ တိုက်ရိုက်လုပ်ဆောင်လျက်ရှိသည်။ စစ်အုပ်စုသည် ၎င်းတို့ကျူးလွန်သည့်ရာဇဝတ်မှုများကို တာဝန်ခံရခြင်းမှ ရှောင်လွှဲရန်အတွက် ပြည်သူ့စစ်၊ ပျူစောထီး၊ သွေးသောက်အဖွဲ့များကိုကြားခံအနေဖြင့် အသုံးချခြင်းဖြစ်သည်။

စစ်အုပ်စုနှင့် ပူးတွဲဆောင်ရွက်လျက်ရှိသည့် ပြည်သူ့စစ်နှင့် ပျူစောထီးအဖွဲ့များသည် ဒေသခံများဖြစ်သဖြင့် နယ်မြေကျွမ်းကျင်မှုရှိပြီး တော်လှန်ရေးသတင်းအချက်အလက်များကို ရယူရာတွင်လည်းကောင်း၊ စစ်ဆင်ရေးဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုနိုင်သည်။ ထို့အပြင် တော်လှန်ရေးအင်အားစုများ ဒေသန္တရအုပ်ချုပ်ရေးတည်ထောင်ရာတွင် အဟန့်အတားတခုလည်းဖြစ်သည်။ ထို့အပြင် စစ်အုပ်စုမှ လက်နက်တပ်ဆင်ထားသော အဖွဲ့များနှင့် တော်လှန်ရေးအင်အားစုများအကြားဒေသခံအချင်းချင်း ပဋိပက္ခများလည်း ပိုမိုများပြားပြင်းထန်လာသည်ကိုလည်း တွေ့ရသည်။

စစ်အုပ်စုသည် အာဏာသိမ်းချိန်မှ စတင်၍ ၎င်းတို့ကျင်းပခွင့်မရှိသော ရွေးကောက်ပွဲတရပ်ကို ကျင်းပနိုင်ရန်အတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲတွင် PR စနစ်သို့ပြောင်းလဲကျင့်သုံးခြင်းဖြင့် စစ်တပ်ထောက်ခံသောပါတီများအနေဖြင့် လွှတ်တော်တွင် ကိုယ်စားလှယ်နေရာများပိုမိုရရှိကာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော စစ်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း

ဖြင့် ပူးပေါင်း၍ အာဏာကိုရေရှည်ထိန်းသိမ်းရန်အတွက် စစ်အုပ်စုမှ ရည်ရွယ်လျက်ရှိသည်။ လက်ရှိအချိန်တွင် စစ်အုပ်စုသည် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို အတိအကျသတ်မှတ်နိုင်ခြင်းမရှိသေးသည့်အပြင် ရွေးကောက်ပွဲအလျင်အမြန်ကျင်းပရန်အတွက် ဆောင်ရွက်နိုင်ခြင်းမရှိသေးချေ။ ထို့အပြင် အထက်ပါ နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုများကိုလည်း မြင်တွေ့ရခြင်းမရှိသေးပေ။ ရွေးကောက်ပွဲအတွက် ပြန်လည်မှတ်ပုံတင်သော နိုင်ငံရေးပါတီများတွင် စစ်အုပ်စုကိုထောက်ခံသော၊ လူမျိုးကြီး/ဘာသာကြီးဝါဒကို အခြေပြုသော နိုင်ငံရေးပါတီ အနည်းဆုံး (၂၇) ပါတီ ပါဝင်လျက်ရှိသည်။ ကျန်ပါတီအများစုမှာ လူမျိုးစုပါတီများဖြစ်ပြီး လူထုထောက်ခံမှုအများအပြား ရရှိထားသောပါတီများ ပါဝင်မှုမရှိပေ။

ထို့အပြင် စစ်အုပ်စုသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို နိုင်ငံရေးကစားကွက်တခုအဖြစ် ခေတ်အဆက်ဆက် အသုံးချခဲ့သည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ နွေဦးတော်လှန်ရေးတွင် ပူးပေါင်းပါဝင်မှုမရှိစေရန်အတွက် စစ်အုပ်စုသည် အကျိုးစီးပွားမက်လုံးများ၊ သီးခြားတွေ့ဆုံဆွေးနွေးမှုများဖြင့် တော်လှန်ရေးအင်အားကိုထိန်းညှိရန် ကြိုးပမ်းလျက်ရှိသည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် စုပေါင်းတွေ့ဆုံခြင်းရှိသကဲ့သို့၊ NCA တွင် လက်မှတ်ရေးထိုးထားသော အဖွဲ့များနှင့် သီးသန့်တွေ့ဆုံခြင်း၊ NCA တွင် လက်မှတ်ရေးထိုးမထားသော အဖွဲ့များနှင့် သီးသန့်တွေ့ဆုံခြင်း၊ တဖွဲ့ချင်းစီနှင့် သီးသန့်တွေ့ဆုံခြင်းများလည်း လုပ်ဆောင်ခဲ့သည်။ လူမျိုးစုတော်လှန်ရေးအဖွဲ့အချို့ကို နိုင်ငံတကာကြားခံဖြင့် ဆွေးနွေးညှိနှိုင်းရန် စစ်အုပ်စုမှ ကြိုးပမ်းခဲ့သည်။ စစ်အုပ်စုသည် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆွေးနွေးရေး ညှိနှိုင်းရန်အတွက် ဒေသဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများကိုလည်း အသုံးချခဲ့သည်။ ထို့အပြင် မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် လှည်းကူးမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ သွားရောက်ခဲ့သည်။ ၎င်းနေရာတွင် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း စစ်အုပ်စုမှ လူမျိုးစုတော်လှန်ရေးအဖွဲ့များကို ခေါ်ယူ၍ အမျိုးသားညီလာခံကျင်းပကာ ၂၀၀၈ အခြေခံဥပဒေကို ၎င်းတို့စိတ်ကြိုက်ရေးဆွဲခဲ့သည်။ ထို့ကြောင့် စစ်အုပ်စုမှ ရွေးကောက်ပွဲလမ်းကြောင်းအပြင် ၎င်းတို့နှင့်နီးစပ်သော နိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့များပါဝင်သည့် အမည်ခံငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတဆင့် အခြေခံဥပဒေပြင်ဆင်ရေးအတွက် ခြေလှမ်းများကို လုပ်ဆောင်ရန် ကြိုးပမ်းလာနိုင်ခြေရှိသည်။

မြန်မာ့အရေးအကျပ်အတည်းတစုံလုံးကိုဖြေရှင်းရန်ကြိုးပမ်းရာတွင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့် အာဏာသိမ်းရန်ကြိုးပမ်းမှုအပေါ် အခြေခံ၍ လက်ရှိအကျပ်အတည်းနှင့် နိုင်ငံရေးနောက်ကြောင်းပြန်မှုဖြစ်သည် ဟူသော ရှုမြင်ချက်ကို ကျော်လွန်စဉ်းစားရန်လိုအပ်သည်။ ဗမာလူမျိုးစုအများစုပါဝင်သည့် စစ်အုပ်စုနှင့် တော်လှန်သည့်အစုအဖွဲ့များကြားတွင်ရှိသည့် ရှုပ်ထွေးသော ကာလရှည်နိုင်ငံရေးဖြစ်စဉ် တခုလုံးကို ခြုံငုံကြည့်ရှုရန်လိုအပ်ပါသည်။ လူမျိုးရေး၊ ဘာသာရေးကိုအခြေပြုသွေးခွဲရန် စစ်အုပ်စုမှ အစဉ်အမြဲကြိုးပမ်းသည်ကိုသတိပြုလက်ခံပြီး အစုအဖွဲ့များအကြား ရေရှည်ပေါင်းစည်းနေထိုင်နိုင်ရေးအတွက် ပဋိပက္ခသို့ ဦးတည်စေနိုင်သော လုပ်ဆောင်ချက်များကို ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။ ကွဲပြားသော အစုအဖွဲ့အသီးသီးကြားတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက် ရေရှည်ကိုမျှော်မှန်းသော ချဉ်းကပ်ဆွေးနွေးမှုများလုပ်ဆောင်သင့်သည်။ နိုင်ငံရေးအရညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ရာတွင် ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သော လူမျိုးရေး၊ ဘာသာရေး ပြဿနာများကိုလည်း အစဉ်အမြဲသတိထားကာ ထည့်သွင်းစဉ်းစားသင့်ပါသည်။

# ၈ ရည်ညွှန်းအကိုးအကား


- Ayeyarwaddy Times. (2023a, March 8). ပင်လောင်းတွင် စစ်ကောင်စီလက်အောက်ခံ ပအိုဝ်းပြည်သူ့စစ် (PNO)က ကျည်ဆံဖိုး အဖြစ် တစ်အိမ်လျှင် ကျပ် ၇၅,၀၀၀ ဆက်ကြေးကောက်. https://ayartimes.com/?p=16014
- Ayeyarwaddy Times. (2023b, May 5). ဧရာဝတီတိုင်းတွင် ကြံ့ခိုင်ရေးပါတီတစ်ခုထဲသာစည်းရုံးရေး လုပ်ငန်းများ လုပ်ဆောင်ရန်ပြင်ဆင်နေ. https://www.facebook.com/ayeyarwaddytimes/posts/pfbid0sciUT-MqDSCgzM1xs8aWdBHD4FY5Q16THdMNePs8NXvtM9eFNai9nGNneMSS5fGMgl
- BBC News မြန်မာ. (2021, November 8). စစ်ကောင်စီရဲ့ရွေးကော်သစ်နဲ့နိုင်ငံရေးပါတီတွေရဲ့ ၃ကြိမ်မြောက်တွေ့ဆုံမှုမှာ ဘာတွေဆွေးနွေးခဲ့လဲ. BBC News မြန်မာ. https://www.bbc.com/burmese/burma-59119171
- BBC News မြန်မာ. (2022, April 18). ပွဲဆူခဲ့တဲ့ စစ်ကောင်စီ ရဲ့ ဘွဲ့တံဆိပ်အပ်နှင်းပွဲ. BBC News မြန်မာ. https://www.bbc.com/burmese/burma-61140445
- BBC News မြန်မာ. (2023a, February 10). စစ်ကောင်စီရွေးကောက်ပွဲကော်မရှင် ထုတ်ပြတဲ့ အီလက်ထရွန်နစ်မဲပေးစနစ်. BBC News မြန်မာ. https://www.bbc.com/burmese/articles/cjj62510wpxo
- BBC News မြန်မာ. (2023b, April 21). တရုတ်ကွန်မြူနစ်ပါတီရဲ့ ဖိတ်ခေါ်မှုကို ရွှေ့ဆိုင်းထားရတဲ့ ပါတီတွေ. BBC News မြန်မာ. https://www.bbc.com/burmese/articles/crgmrpm871jo
- BBC News မြန်မာ. (2023c, May 8). သံတမန်တွေ နဲ့ ပါတီတွေ တွေ့ဆုံခွင့် ရွေးကောက်ပွဲကော်မရှင်ဘယ်လိုကန့်သတ်ထားလဲ. BBC News မြန်မာ. https://www.bbc.com/burmese/articles/cz76wlyk5nro
- BNI. (2021, September 24). ရှမ်းနီအမျိုးသားများတပ်မတော် (SNA) ၏ ပြောရေးဆိုခွင့်ရှိသူ ဆေစိုင်းထွန်းနှင့် ဆက်သွယ်မေးမြန်းခြင်း. နိုင်ငံတကာမြန်မာ့သတင်း. https://www.bnionline.net/mm/news-84690
- CNI. (2022, January 19). ရှမ်းနီဒေသမှာ PDF ကိုအသုံးချပြီး နယ်မြေကျော်တာ လက်မခံဘူးဟု SNA ပြော. https://cnimyanmar.com/index.php/political-2/politics-local/3728-pdf-sna
- Delta News. (2023, January 24). ဝမ်းဟိုင်းဌာနချုပ်အပေါ် တိုက်လေယာဉ် အနိမ့်ပျံသန်းမှု ရန်စစော်ကားတဲ့လုပ်ရပ်လို့ SSPP ပြော - Delta News Agency. Delta News Agency. https://deltanewsagency.com/28082/
- DVB. (2021, August 9). စစ်ကောင်စီယာဉ်တန်းကို ရှမ်းနီတပ်မတော်က မိုင်းဆွဲတိုက်ခိုက်. http://burmese.dvb.no/archives/480226?fbclid=IwAR2S_BIHb7JaUSuOuDukuY-bLJmE54RT45NoAsJR3-Ynefbh-kgDsGKSErVU

- DVB. (2022, April 27). ရွေးကောက်ပွဲသစ်ကို Closed list PR စနစ်ဖြင့် ကျင်းပမည်ဟု စစ်ကောင်စီခန့် ကော်မရှင်ပြော. http://burmese.dvb.no/archives/530180
- Kantarawaddy Times. (2023, March 15). နမ်းနိန်းဖြစ်စဉ်နဲ့ပတ်သက်ပြီး KNDF ၊ PDF တို့ကို အလိုမရှိကြောင်း တောင်ကြီးမြို့မှာ ဆန္ဒပြ. https://www.facebook.com/KantarawaddyTimes/posts/pfbid083uR6pweAdbSM7YahAyEttmfg7CKYRyT4vKJVWAUsRM31SnvpTNnBfcLGiGuN6X1l
- Khit Thit Media. (2023, April 9). စစ်တပ်ထောက်ခံသော ပါတီများအတွက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ပါတီဝင်များ လိမ်လည်လက်မှတ်ရေးထိုးခိုင်းပြီး ကောက်ခံနေ. https://www.facebook.com/khitthit-news/posts/pfbid02fWUdap3GqwJtmwPZK7fnnLwp7Zm7Yo2Z14vFsvbVQRtvQqVWWv-BLp8USXRrwYbzvl
- KNDF. (2021, June 15). ဇွန်လ ၁၅ ရက် သဘောထားထုတ်ပြန်ကြေညာချက်. Karenni Nationalities Defense Force-KNDF. https://www.facebook.com/permalink.php?story_fbid=pfbid0X7pVZqLN-MqMTxsU1Fj9k3Z68vjngEBiHhXx3zq7gTVpTxueUHPrqoVppavixYqCNl&id=100670325574225
- Mekong News. (2023). ပအိုဝ်းလူငယ်တွေ စစ်မှုထမ်းဖို့ စစ်ကောင်စီ ခိုင်းဖတ် PNO ထုတ်ပြန်၊ စစ်မှုမထမ်းသူ မျိုးချစ်စိတ်မရှိလို့ဆို. Mekong News Myanmar. https://tinyurl.com/22f95fn2
- MLIS. (2020, March 23). အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း. မြန်မာဥပဒေသတင်းအချက်အလက်စနစ်. https://www.mlis.gov.mm/mLsView.do;jsessionid=A019B79FD2075A3D4D8F33D-D49D4CD1A?lawordSn=14189
- Myanmar Now. (2021a). ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို စစ်တပ် ထိန်းသိမ်း. Myanmar Now. https://myanmar-now.org/mm/news/5722/
- Myanmar Now. (2021b). အာဏာသိမ်းစစ်ကောင်စီက ရက္ခိုင့်တပ်တော် (AA) ကို အကြမ်းဖက်အုပ်စုအဖြစ်မှ ရုပ်သိမ်း. Myanmar Now. https://myanmar-now.org/mm/news/6023/
- Myanmar Now. (2021c). ကယားပြည်နယ်တွင် KNDF နှင့် စစ်တပ် ယာယီအပစ်ရပ်. Myanmar Now. https://myanmar-now.org/mm/news/7125/
- Myanmar Now. (2021d). ကယားတွင် KPDF နှင့် KNPP ပူးပေါင်းအဖွဲ့က စစ်ကောင်စီကို ဆက်လက်တိုက်ခိုက်. Myanmar Now. https://myanmar-now.org/mm/news/7483/
- Myanmar Now. (2021e). ခြေလှမ်းကျဲလာသည့် စစ်အုပ်စု၏ ရွေးကောက်ပွဲစနစ်ပြောင်းလဲမည့် စီမံကိန်း. Myanmar Now. https://myanmar-now.org/mm/news/8799/
- Narinjara. (2023, April 22). ရခိုင်က ANP နှင့် AFP ပါတီတို့အား တစ်ခြားတိုင်းရင်းသားပါတီအချို့နှင့်အတူ တရုတ်ပြည်ကွန်မြူနစ်ပါတီဖိတ်ကြားမှုရက်ရွှေ့ဆိုင်း. Narinjara News. https://burmese.narinjara.com/news/detail/6443d268df783307b2a38d3a
- People's Spring. (2022, April 21). ပင်လုံရှိ SSPP တပ်စခန်းအနီး စစ်ကောင်စီနှင့် RCSS စစ်ကြောင်းများ အင်အားအလုံးအရင်းဖြင့် စစ်ရေးလှုပ်ရှားလာ. https://www.facebook.com/LuduNwayOo/posts/pfbid027pFxJoJAH9yhpbixkuQBtnYbJmrJM6udjvfhdJx6uZLz1s5ftvo7suSr5T2BC6aRl
- RFA. (2021a, October 10). စစ်ကောင်စီနဲ့ နိုင်ငံရေးပါတီတချို့တွေ့ဆုံ၊ အချိုးကျ PR စနစ် ကျင့်သုံးရေးဆွေးနွေး. Radio Free Asia. https://www.rfa.org/burmese/news/military-meet-some-political-parties-10102021064930.html

- RFA. (2021b, November 3). ကေအိုင်အေကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ စစ်ကောင်စီ ဖိအားပေး. Radio Free Asia. https://www.rfa.org/burmese/program_2/military-urge-kia-to-discuss-11032021055038.html
- RFA. (2022, March 24). ၂၀၂၃ မှာ ရွေးကောက်ပွဲလုပ်ဖို့ ကြိုးစားနေကြောင်း စစ်ကောင်စီပြော. Radio Free Asia. https://www.rfa.org/burmese/news/military-want-election-in-2023-03242022061434.html
- RFA. (2023, March 13). ပင်လောင်း နန်းနိမ့်ရွာ အစုအပြုံလိုက်သတ်ဖြတ်ခံရမှု အပြန်အလှန်စွပ်စွဲ. RFA Burmese. https://www.facebook.com/rfaburmese/posts/pfbid0a6VrctoBXzieuaZFNMv35DA-5K3RAQkzqGRmfCBHZXdKGk8daX5zxbzzQpcPKTh8Pl
- Sai Harn Lin. (2023, March 8). နယ်စပ်လုံခြုံရေးအတွက် ပအိုဝ်းလူငယ်များ ပူးပေါင်းတိုက်ပွဲ ပါဝင်ပေးရန် PNA ပြောဆို. SHAN News (Burmese). https://burmese.shannews.org/archives/33403
- Shan News. (2023, March 15). နမ်းနိန်းကျေးရွာသားများကို အစုလိုက်အပြုံလိုက်တဲ့ကိစ္စ PDF နဲ့KNDF လက်ချက်ဟု စွပ်စွဲဆန္ဒပြ. SHAN News (Burmese Version). https://www.facebook.com/watch/?v=185527064228523
- Shwe Phee Myay. (2022, February 10). RCSS နဲ့ SSPP တို့ တိုက်ပွဲကြား စစ်ကောင်စီက တိုက်လေယာဉ်နဲ့ လာပစ်ကူတဲ့အပေါ် အပြန်အလှန် ငြင်းဆို. Shwe Phee Myay News Agency. https://www.facebook.com/shwepheemyaynews/posts/pfbid02Zoc3vn1JtSv7mitnQjRXAoTyPHmUPvd7Hk2NHNNswP-FrENQsEqtSVFVhuvVATswYl
- The Irrawaddy. (2021a). စစ်ကောင်စီ၏ ရွေးကောက်ပွဲကော်မရှင်နှင့်နိုင်ငံရေးပါတီ ၅၉ ပါတီတွေ့ဆုံ. The Irrawaddy. https://burma.irrawaddy.com/news/2021/05/21/242096.html
- The Irrawaddy. (2021b). စစ်ကောင်စီ၏ PR စနစ် ကြိုးပမ်းမှုအပေါ် ရခိုင်ပါတီများ ရပ်တည်ချက်မပြတ်သား. The Irrawaddy. https://burma.irrawaddy.com/news/2021/12/31/248527.html
- The Irrawaddy. (2022a). PR စနစ် ပြောင်းရန်ကြိုးစားမှု စစ်အုပ်စု စဉ်ဆက်မပြတ် အာဏာချုပ်ကိုင်နိုင်ရေးလား. The Irrawaddy. https://burma.irrawaddy.com/news/2022/01/01/248555.html
- The Irrawaddy. (2022b). ပါတီများ၏ နိုင်ငံတကာဆက်ဆံရေး စစ်ကောင်စီ ပိတ်ပင်. The Irrawaddy. https://burma.irrawaddy.com/news/2022/08/13/253864.html
- VOA. (2022, August 24). ပြည်ပအဖွဲ့အစည်းတွေနဲ့ တွေ့လိုတဲ့ နိုင်ငံရေးပါတီတွေအပေါ် စစ်ကောင်စီ ကန့်သတ်. VOA. https://tinyurl.com/yvdsmbmt
- ငြိမ်းချမ်း. (2023, May 5). မြန်မာနိုင်ငံမှာ ရှေ့နှစ်သန်းခေါင်စာရင်းကောက်နိုင်ဖို့ စစ်ကောင်စီ ပြင်ဆင်နေ. VOA. https://burmese.voanews.com/a/preparation-for-census-in-myanmar-2024/7080065.html?nocache=1&fbclid=IwAR28PX_bovOCIM_rWETQto0gFrPBFTwAdUWUhalZi9EUIiQmwqvq5KLl-ChA
- စုမြတ်မွန်. (2023, March 10). သန်းခေါင်စာရင်းကောက်ပြီးမှ ရွေးကောက်ပွဲကျင်းပမှာလား. VOA. https://burmese.voanews.com/a/military-government-prepare-census/6998887.html
- နိုင်မင်းလွင်. (2023, March 11). ကရင်နီပြည်နယ် နှင့် PDF များကိုပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက် ပအိုဝ်းလူမျိုးများကို စစ်ခေါင်းဆောင် မင်းအောင်လှိုင် အသုံးချနေဟုဆို. Ayeyarwaddy Times. https://ayartimes.com/?p=16134

- ရဲမွန်. (2022, September 21). စစ်ကောင်စီ ရွေးကောက်ပွဲအစီအစဉ်အပေါ် နိုင်ငံရေးပါတီတချို့ သဘောထား. VOA. https://burmese.voanews.com/a/election-commission-pr/6755938.html
- သက်နိုင်. (2021, February 26). ၂၀၂၀ ရွေးကောက်ပွဲရလဒ် ပျက်ပြယ်ပြီလို့ UEC ဥက္ကဋ္ဌပြောဆို. VOA. https://burmese.voanews.com/a/election-result-is-cancelled-by-military-coup/5793814.html
- ဟန်သစ်. (2023). စစ်ခေါင်းဆောင်၏ အထိနာကြောင်း ဝန်ခံချက်နှစ်ခု. Myanmar Now. https://myanmar-now.org/mm/news/13903/
- အောင်ဇေ. (2023). နေပြည်တော်တွင် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် အသက်သွင်းနေ. Myanmar Now. https://myanmar-now.org/mm/news/30811/?fbclid=IwAR0S4ZxRU-6uxEgEpvRYpJyWbGYt2H-ku0Oe0O6faA2cVdJupW0eUityBA0c
- အောင်သိခ်. (2023, June 2). မြောက်ပိုင်းလက်နက်ကိုင် သုံးဖွဲ့နဲ့ စစ်ကောင်စီ ဆွေးနွေးပွဲ ရပ်တန့်. Radio Free Asia. https://www.rfa.org/burmese/program_2/northern-alliance-military-peace-china-06022023183753.html